ကြေးမုံ The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်ထုတ်ဝေသည်။

၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့ (5-2-2014) (၇၇၄၇)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နည်းစနစ် ပိုမိုကောင်းမွန်မှုကို အသုံးချ ကျန်းမာရေးကဏ္ဍကို မြှင့်တင်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တောင်ကြီးမြို့ရှိ အမျိုးသမီးနှင့်ကလေးအထူးကုဆေးရုံ၊ စစ်စထွန်းပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့်ထွက်ခွာလာရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးမြို့သို့ ရောက်ရှိသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ အဖွဲ့ဝင်များအား ဟဲဟိုးလေဆိပ်တွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူလေးများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက [illegible] ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ တောင်ကြီးမြို့သို့ ရောက်ရှိသည်။

ဒုတိယသမ္မတသည် နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စန်းစန်းဝေနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ဒုတိယသမ္မတသည် မွေးတင်းစလူနာဆောင်တွင် ထပ်မံလိုအပ်သောအရန်မီးစက်တစ်လုံးရရှိနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့် ပေါင်းစပ်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ခွဲစိတ်ခန်းမအတွင်းရောက်ရှိပြီး အသုံးပြုသည့်ပစ္စည်းကိရိယာများကောင်းမွန်ရေး၊ ဆေးရုံသန့်ရှင်းသပ်ရပ်ရေး၊ ကျန်းမာရေးနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ချက်များအပေါ် အသေးစိတ်မှာကြားသည်။

ထို့နောက် မီးယပ်နှင့်သားဖွားကုသဆောင်သို့လည်းကောင်း၊ ကလေးကုသဆောင်နှင့် ပြင်ပလူနာကုသဆောင်သို့ လည်းကောင်း၊ ဆေးရုံမြေညီထပ်ရှိသားဖွားဆောင်နှင့် ပြင်ပလူနာကုသဆောင်၊ ကလေးကုသဆောင်များသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှာကြားခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံတွင် တက်ရောက်ဆေးကုသနေသော လူနာများအား [illegible]အားပေးစဉ်။ (သတင်းစဉ်)

မန်းရွှေစက်တော်ရာဘုရားပွဲတော်ဖွင့်လှစ်ပြီ

မင်းဘူး ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ရာ(ဝဝ) ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို တပို့တွဲလဆန်း ၅ ရက်(ဖေဖော်ဝါရီ ၄ ရက်)က မန်းရွှေစက်တော်ရာဘုရားပွဲတော် အဝင်လမ်းတွင် ကျင်းပသည်။

[illegible] ကျောင်းဆရာတော် ဘဒ္ဒန္တ ကေဇနိယ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ရန်ကုန်တိုင်းဒေသကြီး [illegible] ဥက္ကဋ္ဌ ဆရာတော်အရှင်သူမြတ်များက ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအထိမ်းအမှတ် [illegible] တဖင်လစ်ပေးကြပြီး [illegible]အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ဗုဒ္ဓပူဇနိယပွဲတော် မဟာမင်္ဂလာတော် မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အောက်စက်တော်ရာ (ဗုဒ္ဓခြေတော်ရာမြတ်) ဖွင့်လှစ်ပူဇော်ပွဲ၊ မန်းရွှေစက်တော် ဘုရားကြီး အထက်စက်တော်ရာ (ပထမ) စေတီတော်မြတ်ဖွင့်လှစ်ပူဇော်ပွဲတို့ကို ဆက်လက်ကျင်းပသည်။

မင်းဘူး(စကု) မြို့နယ် မန်းရွှေစက်တော်ရာ ဗုဒ္ဓပူဇနိယပွဲတော်တွင် ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာပြည်သူများဖြင့် ကြက်ပျံမကျ အထူးစည်ကားလျက်ရှိပြီး ပွဲတော်ကို မြန်မာနှစ်ဆန်း တစ်ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်းဦး(IPRD)

LUXELIMO TRAVELS & TOURS

လပစ်လီမှုနှင့်ခရီးသွားပါ .... **Travel with LUXE LIMO!**

ဆက်သွယ်ရန်ဖုန်း - ၀၁ ၂၁၆ ၂၄၄၊ ၂၁၅၀၉၄၊ ၀၉ ၅၄၀၄ ၂၁၁ ၂၀၉ ၅၄၀၄ ၂၁၁၀၊ ၀၉ ၅၄၀၀၉၉၉၁

ဗီယက်နမ်၊ ကမ္ဘောဒီးယား (၆ည၊ ၇ရက်) 25Feb, 27Mar, 12Apr	ကွမ်ကျိုး၊ မကာအို၊ ဟောင်ကောင် (၇ည၊ ၈ရက်) 27Feb, 28Mar, 10Apr	ပီနန်း၊ လန်ကာဝီ၊ ကွာလာလမ်ပူ (၅ည၊ ၆ရက်) 27Feb, 28Mar, 11Apr	ကိုရီးယား (၅ည၊ ၉ရက်) 28Feb, 29Mar, 10Apr	ဘာလီ (၅ည၊ ၆ရက်) 26Feb, 28Mar, 11Apr	ကူမင်း၊ ရှန်ဟိုင်း၊ ပေကျင်း (၇ည၊ ၈ရက်) 27Mar, 11Apr
ဖူးခက်-ခရာဘီ (၄ည၊ ၅ရက်) 27Feb, 27Mar, 10Apr	ဂျပန် (၅ည၊ ၉ရက်) 30Mar, 11Apr	ဘန်ကောက် (၅ည၊ ၆ရက်) 28Feb, 22Mar, 10Apr	ဒုဘိုင်း (၇ည၊ ၈ရက်) 28Mar, 11Apr	မလေးရှား၊ စင်ကာပူ (၆ရက်၊ ၇ရက်) 28Feb, 26Mar, 11Apr	

ကုမ္ပဏီ၊ အသင်းအဖွဲ့၊ မိသားစုများနှင့် ကျောင်းများအတွက် အထူးသီးသန့်ခရီးစဉ်များ၊ Car Rental ဝန်ဆောင်မှုများကို စီစဉ်ဆောင်ရွက်ပေးနေပါပြီ။

အမှတ် ၁၃၅/၇ ရွှေဂုံတိုင်လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ Email: sales@iloveluxelimo.com , sandy@iloveluxelimo.com

အတွေးအမြင်

[illegible] ၅-၂-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

အသက်ရှည်ကျန်းမာ

လတိုင်း လတိုင်း သက်တမ်းစေ နေနိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေးတက လိုလားကြပါသည်။ အသကရည အနာကင်းပါစေဟု ဆုပေးကြသည်။ ဆုတောင်းကြသည်။ သို့သော ဆုတောင်းတင်းမပြည့်ပါ။ ပေးသည ဆုနှင့် ပြည့်စေရန်မှာမူ အသက်ရှည်စေကြောင်း နည်းလမ်းကောင်း၊ ကျန်းမာစေကြောင်း အကျင့်ကောင်းတကို နေ့စဉ်ကျင့်သုံးမသာလျှင် ရရှိမည်ဖြစ်သည်။

ပြည်သူတစဦးချင်းစတွင် လအငဆန္ဒများ များစွာရှိသည့်အနက် အသက်ရှည်ခြင်း၊ အဆင်းလခြင်း၊ ကျန်းမာခြင်းတသည် အဓိကအကျဆုံးနှင့် အလိုအပ်ဆုံးအရာများဖြစပါသည်။ ထိုကြောင့်လည်း ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟု ဆိုကြပါသည်။

ဘာသာရေးဘက်က ပြန်ကြည့်လျှင် ဆုတ်ကပ်ကို (ဝိဂ္ဂိုဟ်)အထူးပြုသောအခါ လတိုကိုယ်ကျင့်သီလနည်းပါးသဖြင့် လသက်တမ်းများ တိုလာကြပြီး ရောဂါဘယထပြောတတ်ပေသည်။ ထို့ကြောင့် လူတို့ကို ကျန်းမာအောင် စောင့်ရှောက်ပေးကြရမည်ဖြစသလို မိမိကိုယ်ကိုလည်း ကျန်းမာအောင် အထူးဂရုပြုရမည်ဖြစ်ပြီး ကိုယ်ကျင့်သီလကိုလည်း အထူးစောင့်ထိန်းလိုက်နာကျင့်သုံးအပ်ပါသည်။

မည်သို့ပင်ဖြစ်စေ မိမိကိုယ်ကို ကောင်းအောင် ကြိုးစားကြရပါမည်။ ပြည်သူများ၏ လူမျှော်မန်းသက်တမ်း တိုးတက်မြင့်မားလာရေးအတွက် တစ်မျိုးသားလုံးက အဘက်ဘက်က ရည်မှန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

လတိုရည်မှန်းထားသကဲ့သို သက်ဆိုင်ရာတက အလေးထားဆောင်ရွက်ပေးမ၊ ပြည်သူတို့ကလည်း အသတရားရရ ဂရုတစိုကကျင့်ကြမှုတို့ကြောင့် မျှောမနးလသကတမး ပြန်လည်ဖြင့်မားလာသည်ကို တွေ့ရပေသည်။

မြန်မာနိုင်ငံအတွင်း နေထင်ကြသော အမျိုးသားတို၏ ၁၉၉၀ ပြည်နှစ်က မျှော်မန်းလူ့သက်တမ်းမှာ အသက် (၅၆) နှစ်ရှိရာမှ ၂၀၁၁ ခုနှစ်တင် အသက် (၆၃) နှစ်အထိ ပိုရည်လာသည်ကို တွေ့ရပါသည်။ မြန်မာအမျိုးသမီးများ၏ ၁၉၉၀ ပြည်နှစ်က မျှော်မန်းလူသက်တမ်းမှာ အသက် (၆၀) ရှိရာမှ ၂၀၁၁ ခုနှစ်တင် အသက် (၆၇) နှစ်အထိရှိလာပေရာ အချို့နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်လျှင် များစာကွာခြားတိုးတက်လာသည်ကို တွေ့ရသည်။

ထိုသို ပြည်သူတို့၏ မျှော်မန်းလူသက်တမ်းမြင့်မားလာရေးအတွက် တစ်နှစ်အောကကလေး သေဆုံး[illegible] ငါးနှစ်အောကကလေး သေဆုံး[illegible] သားဖွားမခင သေဆုံးမန္နန်းများ လျှော့ချရေးလုပငန်းများ၊ သကတမ်းမစေ့မီ သေဆုံးနင သော ရောဂါများနှင့် ကျန်းမာရေးပြဿနာများကို ကာကွယ်ထိန်းသိမ်းနိုင်ရေး၊ လတိုင်းရောဂါဘယ ကင်းရှင်းရေးအတက် ပညာပေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပငန်းများ၊ ရောဂါရှာဖွေရေးနှင့် ကုသရေးလုပငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် လူမျှော်မနးသက်တမ်း မြင့်မားလာအောင် တစ်ဖက်က ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကုလသမဂ္ဂ၏ ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက် (၄)ဖြစ်သည့် ငါးနှစ်အောကကလေး သေဆုံးမှုကို ၂၀၁၅ ခုနှစထွင အရှင်မွေး ၁၀၀၀ တွင် ၄၃ ဦးအထိ လျှော့ချရေး ရည်မှန်းချက်ပန်းတိုင် ရောက်ရှိအောင် ကျေးလက်ဒေသများအထ ကျန်းမာရေးစောင့်ရှောက်ကာကွယ်မ လမ်းခြုံနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြမည်ဟု သိရသဖြင့် များစွာဝမ်းမြောက်မသည်။

၂၀၁၅ ခုနှစ်တင် ရည်မှန်းချက်(၅)၏ ပန်းတိုင်ဖြစ်သော မခင်သေဆုံးနှုန်း အရှင်မွေး တစ်သိန်းလျှင် ၁၃၀ သို့ ရောက်အောင်၊ ကျွမ်းကျင်သော သားဖွားဆရာမများဖြင့် မွေးဖွားနိုင်အောင် သားဖွားဆရာမများကို တိုးချဲ့လေကျင့်မွေးထုတ်နိုင်ရန်နှင့် ကျေးရွာအုပစုများအထ အရန်သားဖွားဆရာမများ ခန့်အပ်နိုင်ရေး ပေါင်းစပ်ညှိနိုင်း ဆောင်ရွက်သွားကြမည်ဟုလည်း သိရသည်။

ထ အပြင ရောဂါကြီးများ နှိမ်နင်းရေးဆောင်ရွက်လျကရှိရာတင် ငှက်ဖျားရောဂါများကို နှိမ်နင်းရေးဆောင်ရွက်လျက်ရှိရာ ငှက်ဖျားရောဂါ ရည်မှန်းချက် ပြည့်မီခဲ့ပြီးဖြစ်သော်လည်း အဓိကကျသော စိန်ခေါ်မဖြစ်သည့် ကမာပေါ်တင် အမြင့်ဆုံးဖြစ်ပွားသော နှုန်းများထဲတင်ပါဝင်သည် အိပ်ချ်အိုင်ဗွီကုသမ လုပ်ငန်းတိုးမြှင့်ဆောင်ရွက်ရန်နှင့် တီဘီရောဂါဖြစ်ပားမနန်းကျဆင်းရန် ဆောင်ရက်ဆဲလုပ်ငန်းများကို ဆက်လက်ကြိုးပမ်းအားထတ်ကြရဦးမည်ဖြစ်သည်။

ထိုကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးအညွှန်းကိန်းများကို အိမ်နီးချင်းနင်ငံများနှင့် ရင်ပေါင်တနးနိုင်ရန ရေတိုရေရှည်အစအမံများချမတ်ပြီး မြို့ရွာဒေသအလက်သာမက ပြည်ထောင်စုအဆင့်အထိ အဖွဲ့အစည်းများအားလုံး အလေးအနက်ထား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ကြေးမက တိုက်တန်းပါသည်။ ။

ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း၊ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (အမထမ်း) အမှတ်စဉ် (၁/၂၀၁၄) နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

သင်တန်းများ ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက် (Mission) က ကနသွယ်မှုကဏ္ဍ၏ ပြည်ပကုန်သွယ်မှုကဏ္ဍကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ကာလတိုငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ကုနသွယ်မှုပမာဏ ပါဝင်မှုရာခိုင်နှုန်း ၃၆ အချိုး ၆၄ ဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၆၂၂ ဒသမ ၁၀ ရရှိရန် ဆောင်ရွက်ရမည်ဟု ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

အဆိုပါ အင်္ဂလိပ်စာသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၂၀ တက်ရောက်ပြီး သင်တန်းကာလ လေးလ၊ ဝန်ထမ်းစွမ်းဆောင်ရည်သင်တန်း (အမထမ်း)သို့ သင်တန်းသား သင်တန်းသူ ၃၂ ဦး တက်ရောက်ပြီး သင်တန်းကာလ ၂၆ ရက်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရသည်။

(သတင်းစဉ်)

ကဝမြို့နယ် အောင်မင်္ဂလာကျေးရွာတွင် အာစီတစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မည်

နေပြည်တော် ဖေဖော်ဝါရီ ၄

အမှတ် (၁) အခြေခံပညာဦးစီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အောင်မင်္ဂလာကျေးရွာ အခြေခံပညာမူလတနးကျောင်း၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း (၂၀×၃၀) ပေ အာစီတစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပရန်အတွက် ငွေကျပ် ၄၈ ဒသမ ၆၀ သန်းကို လျာထားပြီးဖြစ်သည်။ ထို့အပြင် ပျက်စီးနေသည့် အန္တရာယရှိ အဆောင်အား ယခုဘဏ္ဍာရေးနှစ်အတွင်း ပြင်ဆင်ရန် ခွင့်ပြုရန်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခြေခံပညာမူလတနးကျောင်း တစ်ကျောင်းတွင် အနည်းဆုံး ဆရာ ဆရာမ ငါးဦး ခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထင်း ကျောင်းသုံးပရိဘောဂများကု ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ အရောက်ပို့စနစ်ဖြင့် ခွဲဝေခဲ့ပြီးဖြစ်ရာ ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ မြို့နယ်အလိုက် လိုအပ်သော ပရိဘောဂများကို ဆက်လက်ခွဲဝေ ပေးသွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

(ကြေးမုံ)

[illegible]ကုန်သုံးဆီဈေးနှင့် နိုင်ခြားငွေလဲလှယ်နှုန်း

[illegible]	ဖေဖော်ဝါရီ ၄	
ရန်ကုန် ရွှေဈေး	၆၆၁၄၀၀	- ၆၆၂၄၀၀
မန္တလေး ရွှေဈေး	၆၆၁၂၀၀	- ၆၆၂၂၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ	တစ်လီတာ	၉၅၀	ကျပ
(ခ) အောကတန်း[illegible]	တစ်လီတာ	၁၁၀၀	ကျပ
(ဂ) အောက်တိန်း[illegible]	တစ်လီတာ	၉၂၀	ကျပ်
(ဃ) ဓာတ်ဆီ	[illegible]	၈၁၄	ကျပ

နိုင်ခြားငွေလဲလှယ်နှုန်း

([illegible])	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၆. ၀၀
([illegible])	ဥရောပ	တစ်ယူရို	= ၁၃၃၃. ၄
([illegible])	[illegible]	တစ်ဒေါ်လာ	= ၇၇၃. ၃၆
([illegible])	တရုတ်	တစ်ယွမ်	= ၁၆၂. ၆၈
([illegible])	[illegible]	တစ်ဘတ်	= ၂၉. ၉၂၀
([illegible])	[illegible]ရား	တစ်ရင်းဂစ်	= ၂၉၄. ၆၈
([illegible])	[illegible]	တစ်ရူပီး	= ၁၅. ၇၆၀
([illegible])	ဂျပန်	တစ်ရာယန်း	= ၉၇၃. ၉၂
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၀. ၅၇၅
(ည)	သြစတြေးလျ	တစ်ဒေါ်လာ	= ၈၆၁. ၈၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

■ ဝက်ခြံကုသမှု အစီအစဉ်များ ...
■ ဝက်ခြံအမာရွတ် ကုသမှု ...
■ တင်းတိပ်၊ မှဲ့ခြောက် ကုသမှု ...
■ မျက်နှာအရေးအကြောင်း ကုသမှု ...
■ အသားဖြူဝင်းခြင်းအတွက် ကုသမှု ...

မြင့် အင် ဆန်း
အရေပြားနှင့်
အလှအပဆေးခန်း

နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။

အရေပြားအထူးကု ဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးပါသည်။

အမှတ်-၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ပင်းရှင်းမျက်မှန်ဆိုင်နှင့်မျက်နှာချင်းဆိုင်)၊ [illegible] ဖုန်း - ၃၈၂၂၄၇၊ ၂၅၆၀၄၅

ပြည်တွင်းရေးရာ

အများပြည်သူဝန်ဆောင်မှု ဒစ်ဂျစ်တယ်စာကြည့်တိုက်စနစ်၏ e-Book များ၌ ထည့်သွင်းဖော်ပြခွင့်ပြုရေး စာရေးဆရာကြီး ဆရာမကြီးများသို့ ပန်ကြားချက်

မြန်မာနိုင်ငံဒေသအနှံ့အပြားရှိ ပြည်သူများ စာအုပ်စာပေများကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနသည် Public Digital Library Service စနစ်အား တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်နှင့် မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစာကြည့်တိုက်များတွင် တပ်ဆင်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ Public Digital Library Service သည် အင်တာနက်မထိဘဲ Laptop ကွန်ပျူတာများ၊ i-Pad, Tablet, Android ဖုန်းများနှင့် Netbook များဖြင့် စက်တည်ရှိရာနေရာမှ အတားအဆီးမရှိလျှင် ၆၅၀ မီတာပတ်လည်အတွင်း WIFI စနစ်ဖြင့် အလွယ်တကူ ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။ အဆိုပါ Public Digital Library Service ၌ ထည့်သွင်းမည့်စာအုပ်များတွင် ဖတ်ရှု၍ ရရုံစနစ် (Read Only) စာအုပ်များနှင့် Soft Copy ကို ရယူနိုင်သည့်စနစ် (Download) စာအုပ်များ ပါရှိပါသည်။ သို့ဖြစ်ပါ၍ စာရေးဆရာကြီး ဆရာမကြီးများ၏ စာအုပ်များကို Public Digital Library Service အတွက် ထည့်သွင်းဖော်ပြလိုပါသဖြင့် စာပေဒါနအဖြစ် အလှူခံလိုပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် Public Digital Library Service အတွက် စက် ၁၀၀ ကို ၂၀၁၄ ခုနှစ် မတ်လအတွင်း စတင်ဖြန့်ဝေတပ်ဆင်မည်ဖြစ်ပါသည်။ စာရေးဆရာကြီး ဆရာမကြီးများအနေဖြင့် ၂၀၁၃ ခုနှစ်နှင့် မတိုင်မီက ထုတ်ဝေခဲ့သော မိမိတို့၏ စာအုပ်များကို အသုံးပြုခွင့် ပြု/မပြုနှင့် Read Only သာ ခွင့်ပြုနိုင်မည်သို့မဟုတ် Download ပါ အသုံးပြုခွင့်ပေးနိုင်မည်တို့ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် အရောက် ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ထောလေသဆယ် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း ထုတ်ဝေသောစာအုပ်များကို ထည့်သွင်းဖော်ပြမည် မဟုတ်သေးပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြို့နယ်ပြန်/ဆက်ရုံးများမှလည်း စာရေးဆရာကြီး ဆရာမကြီးများနှင့် ဆက်သွယ်၍ သဘောထားရယူတောင်းခံသွားမည်ဖြစ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်အချိန်ကာလအတွင်း အဆက်အသွယ်မရရှိပါက ဆရာကြီး ဆရာမကြီးများအနေဖြင့် မိမိတို့စာအုပ်များ လှူဒါန်းလိုပါလျှင် အောက်ပါပုဂ္ဂိုလ်များထံသို့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အရောက် ဆက်သွယ်အကြောင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်-

(၁) မြန်မာနိုင်ငံစာရေးဆရာအသင်း ၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ရန်ကုန်မြို့။

(၂) ဒေါက်တာဒေါ်သီတာတင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၁၂၀၂၁၊ ၀၉-၈၆၀၂၀၈၈၊ thidahlaing009 @ gmail.com

(၃) ဦးမျိုးမြင့်မောင်၊ အထွေထွေမန်နေဂျာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖုန်း-၀၁-၂၅၁၅၇၅၊ ၀၉-၄၃၀၈၅၁၄၄၊ mmmmm.6708@gmail.com

(၄) ဦးအေးကြွယ်၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၉-၈၆၃၄၅၁၇

(၅) ဦးတင်သန်းဝင်း၊ ညွှန်ကြားရေးမှူး(ပြန်/ဆက်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၁၂၀၆၄၊ ၀၉-၄၇၀၅၀၀၃၃

(၆) ဦးမြင့်ကျော်၊ ညွှန်ကြားရေးမှူး (သုတေသန) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၁၂၀၀၂၊ ၀၉-၈၃၀၅၇၆၄၊ myintkyaw103@gmail.com

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အိန္ဒိယသမ္မတနိုင်ငံ Nagaland ပြည်နယ်ဝန်ကြီးချုပ် H.E. Mr. Shri. Nelphiu Rio နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးဟောက်ခန်းမန်၊ ဦးလှထွန်း၊ ဦးဇင်းဝမ်၊ ဦးဆားမူ၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ယူနိုက်တက်အမရာဘဏ်လီမိတက် လမ်းမတော်ဘဏ်ခွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၄

ယူနိုက်တက်အမရာဘဏ်လီမိတက်၏ ၂၄ ခုမြောက် ဘဏ်ခွဲဖြစ်သော လမ်းမတော်ဘဏ်ခွဲကို ရန်ကုန်မြို့ ဘုန်းကြီးလမ်း အမှတ် (၉၁) ၌ ယနေ့နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

ယူနိုက်တက်အမရာဘဏ်လီမိတက်၌ ငွေစုခြင်း၊ စာရင်းသေအပ်ခြင်း၊ ငွေလွှဲခြင်း၊ ချေးငွေထုတ်ချေးခြင်း၊ နိုင်ငံခြားငွေလဲလှယ်ခြင်း၊ နိုင်ငံခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ Western Union နှင့် ချိတ်ဆက်၍ နိုင်ငံခြားငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် GIRO လျှပ်စစ်မီတာဘီလ် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

ယူနိုက်တက်အမရာဘဏ်လီမိတက်၏ ၂၃ ခုမြောက် ဘဏ်ခွဲကိုလည်း ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၌ ဇန်နဝါရီ ၃၀ ရက်က ဖွင့်လှစ်ခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီးများ ပွင့်ဖြူမြို့၌ဒေသခံများနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၄

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငွေတို့နှင့်အတူ ဖေဖော်ဝါရီ ၁ ရက် နံနက် ၇ နာရီတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စီမံကိန်းဦးစီးမှူးရုံး၌ ပွင့်ဖြူမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးအတွက် အလျှငွေများနှင့် မြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး ဒေသခံများနှင့် အပြန်အလှန် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။**(ဓာတ်ပုံ)** **(သတင်းစဉ်)**

တရုတ်ရေတပ်မှ စစ်သင်္ဘောသုံးစင်း အိန္ဒိယသမုဒ္ဒရာအတွင်း စစ်ရေးလေ့ကျင့်

ပေကျင်း ဖေဖော်ဝါရီ ၄

တရုတ်နိုင်ငံရေတပ်မှ စစ်သင်္ဘောသုံးစင်းသည် အိန္ဒိယသမုဒ္ဒရာအတွင်း စစ်ရေးလေ့ကျင့်မှုထိပ်ရပ်ပြုလုပ်ခဲ့မှု ပြီးစီးခဲ့ပြီဖြစ်ကြောင်း စီစီတီဗွီရုပ်မြင်သံကြားဌာနက ဖေဖော်ဝါရီ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ပင်လယ်ရေကြောင်းပိုင်နက်နယ်မြေ အငြင်းပွားမှုများဖြစ်ပေါ်နေချိန် စစ်အင်အားပြသမှုအဖြစ် စစ်ရေးလေ့ကျင့်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာစစ်ရေးအကဲခတ်များကသုံးသပ်ကြသည်။

တရုတ်ရေတပ်မှ ချန်ဘေရှန်အမည်ရှိ ကန်းရောရေပါသွားလာနိုင်သော ကမ်းတက်ရေယာဉ်နှင့် ဖျက်သင်္ဘောနှစ်စင်းတို့သည် ဇန်နဝါရီ ၂၉ ရက်တွင် အိန္ဒိယသမုဒ္ဒရာသို့ ခုတ်မောင်းခဲ့ကြပြီး ပင်လယ်ဓားပြတိုက်ဖျက်ရေး၊ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းတို့အတွက် စစ်ရေးလေ့ကျင့်ခဲ့ကြကြောင်း စီစီတီဗွီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ယှဉ်ပြိုင်

ယခုပြုလုပ်သော စစ်ရေးလေ့ကျင့်မှုသည် အိန္ဒိယနိုင်ငံကရည်ရွယ်သော စစ်အင်အားပြသမှုမဟုတ်သော်လည်း အာရှဒေသရှိအင်အားကြီးနှစ်နိုင်ငံအကြား စစ်ရေးအရယှဉ်ပြိုင်မှုရှိနေပုံကို ဖော်ပြလျက်ရှိကြောင်း စစ်ရေး စစ်သများက ပြောကြားကြသည်။ အိန္ဒိယနှင့်တရုတ်နိုင်ငံတို့သည် ဟိမဝန္တာဒေသနယ်မြေပိုင်ဆိုင်မှုကို အငြင်းပွား၍ စစ်ရေးအရပဋိပက္ခဖြစ်ပွားခဲ့ဖူးပြီး အိန္ဒိယ၏ ပြိုင်ဘက်ပါကစ္စတန်နိုင်ငံကို တရုတ်နိုင်ငံက မိတ်ဖက်နိုင်ငံအဖြစ် ဆက်ဆံလျက်ရှိသည်။ တရုတ်စစ်သင်္ဘောသုံးစင်းသည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းအနီး လမ်ဘော့ ရေလက်ကြားကို ဖြတ်သန်းခဲ့ပြီးနောက် ဖိလစ်ပိုင်နိုင်ငံဘက်သို့ ခုတ်မောင်းခဲ့ပြီး တောင်တရုတ်ပင်လယ်ကိုဖြတ်၍ မိခင်ရေတပ်ဌာနချုပ်သို့ ပြန်လည်ထွက်ခွာမည်ဟု မျှော်လင့်ရကြောင်း သတင်းတွင် ဖော်ပြသည်။

ပီတီအိုင်။

အိန္ဒိယသမုဒ္ဒရာအတွင်း စစ်ရေးလေ့ကျင့်ခဲ့သော ချန်ဘေရှန် အမည်ရှိ စစ်သင်္ဘောကို တွေ့ရစဉ်။

အာဖဂန်နစ္စတန် သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများ စတင်ပြီ

ကဘူး ဖေဖော်ဝါရီ ၄

အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၀၁ခုနှစ် နှောင်းပိုင်းက တာလီဘန်အစိုးရအဖွဲ့ ပြိုလဲခဲ့ပြီးနောက်ပိုင်း ဒုတိယအကြိမ် ပြုလုပ်မည့် သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများကို စတင်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၄ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတရွေးကောက်ပွဲ ပျက်ပြားစေရန် တိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဟု တာလီဘန်စစ်သွေးကြွများက ခြိမ်းခြောက်ထားသဖြင့် မဲဆွယ်စည်းရုံးရေးကာလအတွင်း လုံခြုံရေးကို တင်းကျပ်ထားသည်။

သမ္မတလောင်းများအဖြစ် ပါဝင်ယှဉ်ပြိုင်မည့်ပုဂ္ဂိုလ်များအား ထောက်ခံသူများက မြို့တော်ကဘူးတွင် ပိုစတာများ ကပ်ခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းများကို စတင်ပြုလုပ်လျက်ရှိသည်။

ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးသမားများက မဲဆွယ်စည်းရုံးလျက်ရှိကြသော်လည်း သာမန်ပြည်သူ မဲဆန္ဒရှင်များမှာ နိုင်ငံရေးသမားများ၏ စွမ်းဆောင်နိုင်မှုအပေါ် သံသယပွားနေကြဆဲဖြစ်ကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်များကို ကိုးကားလျက် သတင်းတွင် ဖော်ပြသည်။

ပီတီအိုင်။

ကမ္ဘာ့ တစ်ဝန်း ကင်ဆာရောဂါဖြစ်ပွားမှု ဒီရေအလား တိုးတက်ဖြစ်ပွားနေဟုဆို

လန်ဒန် ဖေဖော်ဝါရီ ၄

အရက်သေစာသောက်သုံးမှုနှင့် သကြားစားသုံးမှုတို့နှင့်ဆက်နွှယ်၍ ကမ္ဘာလုံးဆိုင်ရာ ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း ဒီရေအလားတိုးတက်ဖြစ်ပေါ်မှုနှင့် ရင်ဆိုင်နေရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သိပ္ပံပညာရှင်များကပြောကြားကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၂၀၃၅ ခုနှစ်အထိ ကမ္ဘာလုံးဆိုင်ရာ ကင်ဆာရောဂါဖြစ်ပွားသူ တစ်နှစ်လျှင် ၂၄သန်းအထိ တိုးတက်ဖြစ်ပွားနိုင်သည်ဟု မျှော်လင့်ရသော်လည်း ယင်းဖြစ်ပွားမှုအရေအတွက်၏ ထက်ဝက်ခန့်ကို ကာကွယ်တားဆီးနိုင်သည်ဟု မျှော်လင့်ရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကင်ဆာရောဂါဖြစ်ပွားမှု ကာကွယ်ရေးတွင် ဆေးလိပ်သောက်သုံးမှု၊ အဝလွန်ခြင်းနှင့် အရက်သေစာသောက်စားမှုများအား ထိန်းချုပ်ရေးတို့ ပါဝင်သည်။

ကမ္ဘာ့ကင်ဆာရောဂါသုတေသနရန်ပုံငွေအဖွဲ့၏ အဆိုအရ ကင်ဆာရောဂါဖြစ်ပွားမှုအတွက် သုတေသနပြုချက်များ၌ အစားအသောက်များဆိုင်ရာ သုတေသနများမှာပါဝင်ခြင်း မရှိဟုဆိုသည်။

လောလောဆယ်တွင် လူဦးရေ ၁၄ သန်းမျှသော ပြည်သူများမှာ နှစ်စဉ်ကင်ဆာရောဂါ ဝေဒနာခံစားနေသူများအဖြစ် သတ်မှတ်ခံနေရပြီး ၂၀၂၅ ခုနှစ်တွင် လူဦးရေ ၁၉ သန်းနှင့် ၂၀၃၀ မှ ၂၀၃၅ ခုနှစ်အတွင်း လူဦးရေ ၂၂ သန်းခန့်မှာ ကင်ဆာရောဂါဝေဒနာခံစားနေရသူများအဖြစ် သတ်မှတ်ခံရဖွယ်ရှိသည်။

ဘီဘီစီ။

လူ့အခွင့်အရေးချိုးဖောက်သည်ဆိုသော အမေရိကန် စွပ်စွဲချက် အခြေအမြစ်မရှိဟု သီရိလင်္ကာအစိုးရ ပယ်ချ

ကိုလံဘို ဖေဖော်ဝါရီ ၄

မိမိတို့နိုင်ငံ၏ လူ့အခွင့်အရေး မှတ်တမ်းများနှင့်ပတ်သက်၍ အမေရိကန်အစိုးရ၏ ဝေဖန်ပြောကြားချက်များသည် အခြေအမြစ်မရှိကြောင်း သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အမေရိကန် လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး နီရာဘစ္စဝါးက သီရိလင်္ကာနိုင်ငံ၏ လူ့အခွင့်အရေးမှတ်တမ်းများနှင့် ပတ်သက်၍ ဝေဖန်ပြောကြားခဲ့ပြီး နောက်တစ်ရက်တွင် သီရိလင်္ကာအစိုးရက အထက်ပါကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံ၌ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကာလအတွင်း အစိုးရတပ်ဖွဲ့က ကျူးလွန်သော ရာဇဝတ်ကြမ်းကြုတ်သည့် လုပ်ရပ်များနှင့် ပတ်သက်၍ ကိုလံဘိုက အရေးယူဆောင်ရွက်နိုင်ရန် အမေရိကန်အစိုးရက ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ယင်းနိုင်ငံသို့ နှစ်ရက်ကြာရောက်ရှိခဲ့သော အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဘစ္စဝါးက မြို့တော်ကိုလံဘို၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ပြည်တွင်းစစ်ကာလအတွင်း စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့သော စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများကို အပြစ်ပေးအရေးယူနိုင်ရန် သီရိလင်္ကာအစိုးရအဖွဲ့က ပျက်ကွက်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

ကိုလံဘိုမှ လူ့အခွင့်အရေးကော်မရှင်က မတ်လ၌ ကျင်းပသော အစည်းအဝေးတွင် သီရိလင်္ကာနိုင်ငံအပေါ် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်နိုင်ရန် အမေရိကန် [illegible] ကြိုးပမ်းမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ တမီးလ်လွတ်မြောက်ရေး ကျားသူပုန်အဖွဲ့အပေါ် အစိုးရတပ်ဖွဲ့က ၂၀၀၉ ခုနှစ်တွင် အောင်ပွဲခံခဲ့သော်လည်း ပြည်တွင်းစစ်ကာလအတွင်း အစိုးရအဖွဲ့က စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲချက်များ ပေါ်ထွက်ခဲ့သည်။ သမ္မတ မဟိန္ဒာရာဂျပက်ဆေး အစိုးရအဖွဲ့သည် ယင်းစွပ်စွဲချက်များနှင့် ပတ်သက်၍ နိုင်ငံတကာစုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် တောင်းဆိုချက်ကို ငြင်းပယ်ခဲ့သည်။

ရိုက်တာ။

ဖေဖော်ဝါရီ ၁ရက်က မြို့တော်ကိုလံဘို၌ အမေရိကန် လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

ဘင်္ဂလားဒေ့ရှ်အရှေ့မြောက်ပိုင်းတွင် ကူးတို့သင်္ဘောနစ်မြုပ် ၁၁ ဦးသေဆုံး၊ ၅၀ ပျောက်ဆုံး

ဒါကာ ဖေဖော်ဝါရီ ၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့မြောက်ပိုင်း ဆူနမ်ဂျပ်ခရိုင်ရှိ ဆာမာမြစ်အတွင်း ဖေဖော်ဝါရီ ၂ ရက် ညပိုင်းက ကူးတို့သင်္ဘောငယ်တစ်စင်း နစ်မြုပ်ရာ လူ ၁၁ ဦးရေနစ်သေဆုံး၍ ၅၀ ခန့်ပျောက်ဆုံးလျက်ရှိကြောင်း ဖေဖော်ဝါရီ ၄ ရက်သတင်းတွင် ဖော်ပြသည်။

ဆူနမ်ဂျပ်ခရိုင်ခွဲဖြစ်သော ဒိုးရာခရိုင်အကြီးအကဲက ကူးတို့သင်္ဘောနစ်မြုပ်ရခြင်းမှာ အလေးချိန်ပိုမိုတင်ဆောင်မှုနှင့် သက်ဆိုင်ကြောင်း အတည်ပြုပြောကြားသည်။ ရေနစ်သေဆုံးသူခြောက်ဦး၏ ရုပ်အလောင်းများကို ဖေဖော်ဝါရီ ၂ ရက်ညက ဆယ်ယူရရှိပြီး ငါးဦးက ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် ဆယ်ယူရရှိကြောင်း ၎င်းက ပြောကြားသည်။

ပျောက်ဆုံးနေသူများအား မီးသတ်တပ်ဖွဲ့မှ ကယ်ဆယ်ရေးများက ဆက်လက်ရှာဖွေလျက်ရှိသည်ဟု သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

ပြည်တွင်းရေးရာ

မိုးလေဝသရေဒါ သုံးလုံးနှင့် အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ ၃၀ တပ်ဆင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၄

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ "မိုးလေ ဝသနှင့် ဇလဗေဒဆိုင်ရာ တိုင်းထွာချက်များနှင့် သတင်း အချက်အလက်များ ခေတ်မီတိုးတက်ရေးဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားက နေပြည်တော် ရွှေနန်း တော်ဟိုတယ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်**(ယာပုံ)**က ရာသီဥတုပြောင်းလဲမှု ကြောင့် နှစ်စဉ် မြန်မာနိုင်ငံတွင် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ ပုံမှန်မဟုတ်သော မုန်တိုင်းလမ်းကြောင်းများ ပြောင်းလဲ ခြင်း၊ မုတ်သုံလေဝင်ရောက်မှုနောက်ကျခြင်းနှင့် ဆုတ်ခွာမှု စောခြင်း၊ အပူချိန်များအနည်းငယ် မြင့်တက်ခြင်းတို့ကို ခံစားရပါကြောင်း။

ယမန်နှစ်က မုတ်သုံရာသီကာလအတွင်း အချို့ မဟုတ်မိုးရွာမြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း စသည် တို့ကို တွေ့ကြုံခံစားခဲ့ရပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရပါကြောင်း၊ ဘင်္ဂလား ပင်လယ်အော်တွင် မုန်တိုင်းများဖြစ်ပေါ်ခဲ့ရာတွင် ၂၀၁၃ ခုနှစ်အတွင်း အင်အားအလွန်ပြင်းထန်သော မုန်တိုင်း ငါးကြိမ်ဖြစ်ပေါ်ခဲ့ရာ လွန်ခဲ့သော နှစ်ပေါင်း(၁၀၀)ကျော် အတွင်း မုန်တိုင်းဖြစ်ပေါ်မှု အကြိမ်အရေအတွက် အများဆုံးဖြစ်ခဲ့သော်လည်း မြန်မာကမ်းရိုးတန်းဒေသများ သို့ ဝင်ရောက်ခဲ့ခြင်းမရှိသည်ကို တွေ့ရပါကြောင်း။

၂၀၁၃ ခုနှစ်မိုးနှောင်းကာလအတွင်း ဧရာဝတီမြစ်၊ စစ်တောင်းမြစ်နှင့် သံလွင်မြစ်များတွင် အချို့နေရာများ ဖြစ်သော တောင်ငူ၊ ဘားအံဒေသများ၌ မြစ်ရေကြီးမှု ခံစားရပါကြောင်း၊ မိုးလွန်ကာလအတွင်း တောင်ငူမြို့ စစ်တောင်းမြစ်ရေကြီးမှုမှာ နှစ်(၅၀)အတွင်း ဒုတိယ အမြင့်ဆုံးရေမှတ်ကို ရောက်ရှိခဲ့ပါကြောင်း။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် သဘာဝဘေး အန္တရာယ်များဖြစ်ပေါ်ခဲ့ပြီး စိုက်ပျိုးရေး၊ ရေသယံဇာတ အသုံးချရေး သစ်တောရေးရာလုပ်ငန်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ၊ ကျန်းမာရေးနှင့် ပို့ဆောင်ရေးကဏ္ဍများ တွင် အကျိုးသက်ရောက်မှုရှိသည်ကို တွေ့ကြုံခံစားခဲ့ရ ပါကြောင်း။

ယင်းကဲ့သို့ တွေ့ကြုံခံစားရမှုအပေါ် မိုးလေဝသ နှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းအချက် အလက်များ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီ စက်ကိရိယာများ၊ နည်းပညာများ ဖွံ့ဖြိုးတိုးတက်မှုများ ယခုထက်ပိုမို၍ လိုအပ်ပါကြောင်း။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းများကို ကမ္ဘာ့ဘဏ်၏ လေ့လာဆန်းစစ်ချက်အရ တိုင်းထွာချက်များ၊ ဝန်ထမ်းများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက် ရေးနှင့် နည်းပညာများအကူအညီရရှိရေးသည် အရေးပါ ကြောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ဂျပန်အစိုးရ ၏ အကူအညီဖြင့် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် မိုးလေဝသ ခန့်မှန်းချက်များ ယခုထက် ပိုမိုထိရောက်စေရန် အမေ ရိကန်ဒေါ်လာ သန်း ၄၀ ခန့်ရှိ မိုးလေဝသရေဒါ သုံးလုံး နှင့် အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ ၃၀ တပ်ဆင်၍ မကြာခင် အကောင်အထည်ဖော်မည်ဖြစ်ပါ ကြောင်း၊ မိမိအနေဖြင့် ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူလူထုအတွက် မိုးလေဝသနှင့် ဇလဗေဒလုပ်ငန်း များ၌ အမေရိကန်ဒေါ်လာ ၃၅ သန်းခန့်ရှိသော ခေတ်မီ နည်းပညာနှင့်စက်ကိရိယာများ တပ်ဆင်ရေးအတွက် အကူအညီပေးရေး အစီအစဉ်ကို ဝမ်းမြောက်ဂုဏ်ယူ သည်ဟု ပြောလိုပါကြောင်း၊ ယနေ့ကျင်းပသော အလုပ်ရုံ ဆွေးနွေးပွဲတွင် ထိရောက်သော ကြိုတင်သတိပေးချက် ထုတ်ပြန်ရေး၊ ပြည်သူအတွက်နှင့်သတင်းအချက်အလက် များ အသုံးပြုသူများ၏ လိုအပ်ချက်များ ဆွေးနွေးမြင်းတို့ အတွက် မိုးလေဝသနှင့် ဇလဗေဒလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အကျိုးစီးပွားပေးဆောင်ရွက်စေလို သည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားစေလိုပါကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လည်း မိမိတို့၏ လက်ရှိလုပ်ငန်းများ၊ တွေ့ကြုံရသည့်အခက် အခဲများ၊ စိန်ခေါ်မှုများ၊ ဦးစားပေးဆောင်ရွက်မည့်အစီ အစဉ်များ၊ အနာဂတ်ကာလ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဦးစား ပေးဆောင်ရွက်လိုသည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြစေ လိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ဘဏ်မှ ဌာနေကိုယ်စားလှယ် Mr.Kanthan Shankar က ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံ ၏ ပညာရေး၊ ကျန်းမာရေးနှင့်လျှပ်စစ်ကဏ္ဍများအတွက် အကူအညီပေးရေးကို သဘောတူညီပြီးဖြစ်ပါကြောင်း၊ ယခုအခါ ဧရာဝတီမြစ်ဝှမ်းဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက် ရန်အတွက် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ တိုင်းထွာချက် နှင့်သတင်းအချက်အလက်များ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ ဤအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါ ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်ပညာရှင်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များနှင့် ဌာနဆိုင်ရာမှ ကိုယ်စားလှယ်အသီးသီးတို့က လက်ရှိ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများ၊ လိုအပ်ချက် များ၊ ပံ့ပိုးပေးရမည့် အခန်းကဏ္ဍများ၊ ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင် ပညာရှင်များ၊ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ စုစု ပေါင်း ၄၀ ခန့်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံဥပဒေပြင်ဆင်ရေးဆွဲရေးဆောင်ရွက်ချက်များ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၄

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်နှင့် ကော်မတီဝင်များအား ရန်ကုန်မြို့ ဗြိတိန်သံရုံးမှ ပထမအတွင်းဝန် Mr.Wayne Lves သည် ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသား လွှတ်တော်ကော်မတီဆောင်အမှတ်(၂၀)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး အခြေခံဥပဒေပြင်ဆင်ရေးဆွဲရေးအတွက် လုပ်ငန်းကော်မတီအသစ်ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ချက်များ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက် ချက်များ၊ မြန်မာနိုင်ငံ ASEAN ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဖြစ်သဖြင့် ၎င်းနှင့်ပတ်သက်၍ လွှတ်တော်၏ ဆောင်ရွက်ချက်၊ AIPA နှင့် လွှတ်တော်၏ ဆက်သွယ်ဆောင်ရွက်ချက်များ၊ UK နိုင်ငံရှိ Foreign Affairs Committee နှင့် ဆက်စပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(ဓာတ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဦးဝင်းနောင်၊ ဦးစိုင်းသာစိန်၊ ဦးသန်းမြင့်၊ ဦးခင်မောင်လတ်၊ ဦးဇန်လယ်ထန်းနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

သာကေတအဝိုင်း၊ ၁၀၈/တောင်ဘုရားနှင့် ရတနာလမ်းဆုံကြား၊ သန်လျင်တံတားသွား လမ်းမကြီးဘေး၊ ဘဏ်ဖွင့်လိုသူများ၊ ကားအရောင်းပြခန်းဖွင့်လိုသူများ၊ ဆီဆိုင်ဖွင့်လိုသူများနှင့် စီးပွားရေးလုပ်ငန်းလုပ်လိုသူများအတွက် အချက်အချာကျ နေရာကောင်း၊ ရောဂဏ်လမ်းမကြီးဘေး၊ မျက်နှာစာ ပေ ၁၁၀၊ အနောက် ၈၅ပေ၊ ခြံစည်းရိုးခတ်ပြီး၊ ရေ၊ မီးပါ။ (ကျပ်သိန်း ၁၇၀၀၀)

ဆက်သွယ်ရန်ဖုန်း

၀၁-၂၄၆၇၉၂၊ ၂၄၆၅၂၇၊ ၅၇၂၂၂၄၊ ၅၆၀၇၈၇၊ ၀၉- ၅၁၇၈၉၇၉၊
၀၉-၄၃၀၂၂၈၂၈၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၅၅၀၄၀၇၁၊ ၀၉-၄၂၀၀၇၉၄၂၄

စာကြည့်တိုက်တစ်ခုဖွင့်လျှင် အချုပ်ခန်းတစ်ခု ပိတ်လိုက်ခြင်းနှင့် ညီမျှသည်ဟု ဆိုရိုးပြု

စာကြည့်တိုက်ကို ပညာရှင်တွေက ဘဝတက္ကသိုလ်ဟု မှတ်တမ်းပြုကြသည်။ တက္ကသိုလ်တက်ရောက်ခြင်းဖြင့် သက်ဆိုင်ရာဘာသာရပ်ကို ကြိုးစားအားထုတ်မှုပေါ် မူတည်၍ ကျွမ်းကျင်တတ်မြောက်မည်ဖြစ်သော်လည်း သက်ဆိုင်ရာဘာသာရပ်နှင့် နီးနွယ်ဆက်စပ်ဘာသာရပ်များ၊ သီးသန့်ဘာသာရပ်များ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိများ၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ မည်သည့်ရေးသည့် ရေးအမျိုးမျိုးတို့၏ အကြောင်းက်စ္စရပ်များ၊ အနေအထားအမျိုးမျိုးရှိ လများ၏နေ့ဝဉ်ဘဝလုပ်ရှားမှုပုံရိပ်များ၊ တောနေ၊ မြို့နေ လူတို့၏ တဝရပ်တည်နေထိုင်မှုများ၊ တွေးခေါ်ယူဆချက်များ၊ အတုယူစရာ၊ သတိထားစရာ၊ သင်္ခေဂယူစရာများကို မိမိအသက်အရွယ်အရ သိရှိခဲ့သည့် အတွေ့အကြုံများထက် အဆပေါင်းများစွာပိုမို၍ လူအမျိုးမျိုး၊ ဘဝအထွေထွေ၊ အရေးအဖွဲ့ဖွဲ့တို့သည် စာကြည့်တိုက်တွင်ရှိနေသဖြင့် ဘဝတက္ကသိုလ်ဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။

အာဆီယံနိုင်ငံများ၏ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၁၄)

(ASEAN Library Development Forum 2014)

စာကြည့်တိုက်များကို အသိပညာ ...ရာအဖြစ်လည်းကောင်း၊ ဘဝအတွက်ထန်းမတ ပဲကိုင်ရာ ဌာနတစ်ခုအဖြစ်လည်းကောင်း၊ သုတေသနပြု သူများအတွက် အားထားရာနေရာအဖြစ်လည်းကောင်း အလေးဂရုပြုကြပြီး စုံသည့်ထက်စုံ၊ ကောင်းသည့်ထက် ကောင်းအောင် ဆောင်ရွက်ကြရာ မိမိတို့စာကြည့်တိုက်ရှိ စာအုပ်များကို ဒေါင်လိုက်စီထားလျှင် ကီလိုမီတာမည်မျှရှိ သည်ကိုလည်းကောင်း၊ တစ်နေ့လျှင် စာဖတ်သူဦးရေ မည်မျှရှိ သည်ကိုလည်းကောင်း ဝင့်ကြွားစွာဖော်ပြနိုင်ကြသည်။ ဤသည်မှာ အဆိုပါနိုင်ငံများအတွက် အားတက်ဖွယ်ဖြစ်ပြီး နိုင်ငံ၏ ပညာတတ်မြောက်မှုနှင့်အသိပညာကြွယ်ဝမှုကို စာကြည့်တိုက်အရေအတွက်၊ စာနယ်ဇင်းအရေအတွက်၊ အမျိုးအစားတို့ဖြင့် တိုင်းတာကြလေသည်။ အမျိုးသား စာကြည့်တိုက်များတွင် ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ ပေးထားပြီး အစိုးရအဖွဲ့တွင်အဖွဲ့ဝင်အဖြစ် ပြောဆိုခွင့်ရရှိ အောင် ဆောင်ရွက်ကြသည်။

စာကြည့်တိုက်တစ်ခုဖွင့်လျှင် အချုပ်ခန်းတစ်ခု ပိတ်လိုက်ခြင်းနှင့်ညီမျှသည်ဟုဆိုရိုးပြုကြပြီး နိုင်ငံတွင်း ခိုးဝှက်မှု၊ ဓားပြမှု၊ အနိုကြမ်း၊ ခါးပိုက်နှိုက်မှုမှအစ မူးယစ်ဆေး၊ လူသတ်မှုများသည် ဘဲ့ရပညာတတ်နည်းပါးခြင်း၊ အသိအမြင် အတွေးအခေါ်မှုမရှိခြင်းကြောင့်ဖြစ်သည်ဟု ကောက်ချက်ပြုကြသည်။ တိုးတက်သည့် နိုင်ငံအများစု သည် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် ကြီးစွာ အထောက်အပံ့ပေးကြပြီး အချို့စာကြည့်တိုက်များတွင် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မဝါဒချမှတ်ဆောင်ရွက်ကြသည်။ စာရှာသူအတွက် ဝန်ဆောင်မှုပေးနေသလို စာကြည့်တိုက် data များကို ...ကြီးဖြေဖြင့်ပြန်လည်မျှဝေခြင်းဖြင့်လည်း ဝင်ငွေ တိုးတက်စေရန် ပြုလုပ်ကြသည်။ ဝန်ထမ်းအတွက် သက်ပြည့်ပင်စင်ဟုမထားဘဲ သုံးနှစ်တစ်ကြိမ် စာကြည့် တိုက်ဝန်ထမ်းများ ပြန်လည်ရွေးချယ်သည့်စနစ်များ၊ အစိုးရက ခြောက်ဆယ်ရာခိုင်နှုန်း၊ ဝန်ထမ်းများက data အချက်အလက်များ ဖြန့်ဝေခြင်းဖြင့် ဝင်ငွေလေးဆယ်ရာခိုင် နှုန်းအထိရရှိစေရန်လည်း ဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်း စွမ်းရည်ပြင့်မားတတ်စေခြင်းကိုလည်း ပြုလုပ်ကြသည်။

အလားတူပင် စာဖတ်သူများအတွက် စာဖတ်ခြင်း အလေ့အထတိုးတက်စေရန် စာကြည့်တိုက်က် အလည် အပတ်နေ့(Library Visit Day)ကို တစ်နှစ်တွင် ကစ်ရက် သတ်မှတ်ပြီး ရုံးပိတ်ရက်အဖြစ်ပေးခြင်း၊ ထိုနေ့တွင် မိတ္တူ ကူးခြင်းအတွက် FOC ပေးခြင်း၊ Key Change များပေး ခြင်း၊ လ ၁၀၀ ပြည့်တိုင်း ဆုငွေချီးမြှင့်ခြင်း၊ အတွေးအခေါ် စာအုပ်တစ်အုပ်ကို ကြေညာ၍ ရက်သတ်မှတ် ပေးဖတ စေကာ အနှစ်ချုပ်ပြန်လည်တင်ပြစေပြီး အကောင်းဆုံး Book review ကို ဆုပေးခြင်း၊ Home Library များ၊ စာကြည့်တိုက်စနစ်များနှင့်အညီ လိုက်လံဖွင့်လှစ်ပေးခြင်း၊ ပိုးသက်မိုင်းတိုက် Fumication ပြုလုပ်ပေးခြင်း၊ စာရေးသူ၊ စာဖတ်သူတွေ့ဆုံပွဲပြုလုပ်ပေးခြင်း၊ ခမေး ခုဖြေ (Ask now Section)ဖွင့်လှစ်၍ ၂၄ နာရီ တယ်လီဖုန်း၊ အီးမေး၊ ဖက်စ်တို့ဖြင့် သိလိုသည့်အချက်အလက်များဖြေကြားပေး ခြင်းတို့ ဆောင်ရွက်ခြင်းဖြင့် စာဖတ်ရိန်မြှင့်တင်ပေးကြ သည်။

စာကြည့်တိုက်တွင် စာအုပ်အများဆုံးငှားရမ်းသူ၊ အကြိမ်အများဆုံးလာရောက်သူ စသည့်ဖြင့် လာရောက် စေရန်လည်း ဆွဲဆောင်ထားကြလေသည်။ မြန်မာနိုင်ငံ၏ စာဖတ်သူအင်အားနှင့် စာဖတ်ခြင်းအလေ့အထကို လေ့လာ လျှင် လွန်စွာအားမရဖွယ်ဖြစ်ပြီး နိုင်ငံတော်အဆင့်စာကြည့် တိုက်များတွင်ပင် ဆွဲဆောင်မှုကောင်းအောင် စီစဉ်ထား သည့်တိုင် ဆယ်ဂဏန်းမျှသော လူဦးရေပင်နေ့စဉ်မရှိပေ။ စာရေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ၊ သုတေသန ပြုသူ၊ ကျမ်းပြုသူများလောက်သာ အလုပ်သဘောလာရောက် မှုတွေ့ရတတ်သည်။ လူ့အသက်ပေါင်းများစွာ ဆုံးရှုံးပြီး မိမိအသက်ပင်ပေးဆပ်ရသည့် အပြင်ဆုံးဒဏ်ကျခံရသော မူးယစ်ဆေးဝါးမှုကိုပင် ထမင်းစားရေသောက်သဖွယ် နေ့စဉ် မြင်တွေ့နေရသည်မှာ ရင်လေးဖွယ်ရာပင်။ အဆင့်မြင့်ပညာ မသင်ခဲ့ရလို့လား၊ အသိပညာပေးစာတွေမဖတ်ခဲ့ရလို့လား၊ နှစ်ခုစလုံးများလား ဖြစ်နိုင်ပေသည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးကျင်းပမည့် ASEAN Library Development Forum 2014 ကို နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပလျက်ရှိသည်။ အဆိုပါ Forum ၏ ခေါင်းစဉ်မှာ Libraries for Society ဖြစ်ပြီး ဆောင်ရွက်သွားမည့်အကြောင်းအချက်များမှာ-

(က) ဒစ်ဂျစ်တယ်စာကြည့်တိုက်များသို့ရွေ့ရှုသော စာကြည့်တိုက်ပညာရှင်များ၏ အသိပညာ မြှင့်မားရေး (Professional Development towards digital library environment)

(ခ) စာကြည့်တိုက်ပိုင်ပစ္စည်းများ ထိန်း...စောင့်ရှောက်ရေး (Preservation of library materials)

(ဂ) လူထုအခြေပြုစာကြည့်တိုက်လှုပ်ရှားမှုများ (Community-based Library activities) တို့ဖြစ်သည်။

Forum ၏ အဓိကမျှော်မှန်းချက်သည် မြန်မာနိုင်ငံ အနေဖြင့် လူထုဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်ထားပြီး နိုင်ငံတော်၏အရင်းအမြစ်တစ်ခုဖြစ်သော လူသားအရင်း ...မြစ်များ၏ဖွံ့ဖြိုးတိုးတက်မှုကို ဗဟိုပြုရန်အထူးလိုအပ်နေ ချိန်ဖြစ်သည့်အတွက် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး နှင့် စာကြည့်တိုက်များသို့ စာဖတ်သူမိုလာရောက်စေရန် လည်းကောင်း၊ ဝန်ဆောင်မှုများတိုးမြှင့်ဆောင်ရွက်ရေး သည့်လည်းကောင်း ဦးစားပေးဆောင်ရွက်ရမည့်ကဏ္ဍများ ဖြစ်ပါသည်။ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ စာကြည့် တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ယင်းအတွက် ဒစ်ဂျစ်တယ်စာကြည့်တိုက်များအဖြစ် တိုးမြှင့် ဖော်ဆောင်ခြင်းနှင့် အခြားသော စာကြည့်တိုက်ပညာရပ် နယ်ပယ်ရှိ တိုးတက်မှုများကိုလည်း အမျိုးသားအဆင့် သာမက အာဆီယံဒေသဆိုင်ရာအတွင်း ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုများကိုပါ မြန်မာနိုင်ငံရှိ စာကြည့်တိုက်အသီးသီးမ တာဝန်ခံများက သိရှိနားလည်ပြီး ဆွေးနွေးချင်များကိုလည်း ဤ Forum တွင် ရရှိမည်ဖြစ်ပါသည်။

ယင်း Forum ၌ စာကြည့်တိုက်များနှင့် စာကြည့် တိုက်ပညာသင်ကြားရေးဌာနများတွင် တွေ့ကြုံရသော အခက်အခဲများ၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများ၊ အောင်မြင်မှုများ၊ တိုးမြှင့်ဆောင်ရွက်နေသော လုပ်ငန်း ရပ်များ၊ ပူးပေါင်းဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ စသည်တို့ကို ဆွေးနွေးသွားမည်ဖြစ်သည်အပြင် ဤ Forum သည် လူထုဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်၍ ဖော်ပြပါကဏ္ဍသုံးရပ်ကို သက်ဆိုင်ရာကဏ္ဍအလိုက် တိုးတက်ပြောင်းလဲလာစေရန်အတွက် ပြည်ပပညာရှင် များအပါအဝင် ပညာရှင်ရစ်ဦးက စာတမ်းများ ဖတ်ကြား ဆွေးနွေးကြမည်ဖြစ်ပြီး ပြည်ပမှ တက်ရောက်သူ ၂၁ ဦး အပါအဝင် ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စာကြည့်တိုက် ပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ စာကြည့်တိုက်များမှ ပညာရှင်များ၊ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ စာကြည့်တိုက်ပညာရှင်များ၊ ပုဂ္ဂလိကစာကြည့်တိုက်များမှ စာကြည့်တိုက်ပညာရှင်များနှင့် စာကြည့်တိုက်ပညာရပ် နယ်ပယ်မှ စိတ်ဝင်စားသောပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ ပညာရှင် ၁၀၀ ခန့်က စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရန် အကြံပြုခြင်း၊ အကြံဉာဏ်များရယူခြင်း တို့ကိုဆောင်ရွက်ကြမည် ဖြစ်သည်။ သို့ဖြစ်၍ ဤ Forum သည် စာကြည့်တိုက်လောကအတွက် အလွန်အကျိုး ကျေးဇူးရှိသည့် Forum တစ်ခုဖြစ်ကြောင်း ရေးသားတင်ပြ အပ်ပါသည်။ ။

ထက်ဦးလင်း

တိုင်းရင်းဆေးဖြင့် ဝေဒနာရှင်လူနာ ၁၄၇၉ ဦး ဆေးကုသပေး

မလှိုင် ဖေဖော်ဝါရီ ၄

မလှိုင်မြို့နယ် သာသနာ့ဝေပုလ လေးမျက်နှာစာသင်တိုက် ကျောင်းဝင်း အတွင်း၌ ဖေဖော်... ...ကြက်က မြို့နယ်အကျင်းရှိဝေဒနာရှင်ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် နှစ်ရက်တိုင်တိုင် ဆေးကုသပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ကိုင်းရင်းဆေးကုသပေးရာသို့ ဆရာကြီးဦးမျိုးမြင့်(ဥက္ကဋ္ဌ- မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်း)၊ ဆရာကြီး ဦးအန်းဆွေမြင့် (တိုင်းဒေသကြီး ဦးစီးမှူး)၊ ဆရာကြီးဦးမြင့်အောင် (ခုတင်-၁၀၀ သင်ကြားရေး ဆေးရုံအုပ်ကြီး မန္တလေးတိုင်းဒေသကြီး)တို့ ဦးဆောင်မှုဖြင့် ဆရာ ဆရာမ ၄၀ က ဒေသခံဝေဒနာရှင်များအား ဇီဝိတဒါနကုသိုလ်အဖြစ် အခမဲ့ဆေးကုသပေး ခဲ့ပြီး တိုင်းရင်းဆေးဖြင့် ဝေဒနာရှင်လူနာပေါင်း ၁၄၇၉ ဦး အား ဆေးကုသ ပေးခဲ့ကြောင်း သိရသည်။

ကျော်ကျော်(မလှိုင်)

ရန်ကုန်အနောက်ပိုင်းခရိုင်တွင် စကားရည်လုပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြန် ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ရန်ကုန်အနောက်ပိုင်းခရိုင် (ကျောက်တံတား) ပညာအလင်း ခေတ်မီစာကြည့်တိုက်၌ စာဖတ်ရိန် မြှင့်တင်ရေး စကားရည်လုပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီ၌ တ ကျင်းပရာ ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်မော်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်တို့ရှင်းလင်းပြီး အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်က အဖွင့် အမှာစကားပြောကြားသည်။ ဆက် လက်၍ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ပသိမ်အောင်သန်းဦးက စာဖတ်ရိန်မြှင့်တင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောပြီး ကျောက် တံတားမြို့နယ် အထက်တန်းကျောင်းမ ကျောင်းသား ကျောင်းသူ အဆုရင်၊ အချေရှင်များက အပြန်အလှန်စကား ရည်လုယှဉ်ပြိုင်ကြသည်။ အဆိုပါ ပြိုင်ပွဲတွင် ကျောင်းသူလေးများအဖွဲ့ (အချေရှင်များ)က အနိုင်ရရှိခဲ့သည်။

ထိုနောက် ပြိုင်ပွဲတွင် ဆုရရှိသူ များအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့က ဆုများ အသီးသီးချီးမြှင့်ခဲ့ကြသည်။ ဆက်လက်၍ ပြိုင်ပွဲတွင် အမှတ်ပေး ဒိုင်များအဖြစ် ဆောင်ရွက်ပေးခဲ့သော ဒိုင်များအား အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(အောင်...)**

ပြည်သူ့လွှတ်တော် အစည်းအဝေး

၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုလုံးအတွက် ထောက်ပံ့ပေးနိုင်ရေးဆောင်ရွက်ထားရှိ

ထီးလင်းမဲဆန္ဒနယ်မှ ဦးစန်းမောင်ဖွေ

ဖိုင်ခုံမဲဆန္ဒနယ်မှ ဦးစိုင်းမျှ

နေပြည်တော် ဖေဖော်ဝါရီ ၄

အမျိုးသားလွှတ်တော် အစည်းအဝေး

သတင်းမီဒီယာဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်ကအတည်ပြု

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်ထွန်းဒဲ

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးစင်းမောင်လျန်

ပြည်တွင်းရေးရာ

☆ ရေ့ဖုံးမ

ဆက်လက်၍ဒုတိယသမ္မတသည် စစ်စထွန်းပြည်သူဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးဒေါက်တာပေါ်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရေးဦးစွာ ဒုတိယသမ္မတက POST OPERATIVE ROOM၊ EXAMINATION ROOM များသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်တင်ကြူက လိုက်လံရှင်းလင်းပြသသည်။

ဒုတိယသမ္မတက ဆေးရုံတွင်တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီးလက်ကမ်း နှုတ်ဆက်အားပေးကာ ဆေးရုံ၏ လိုအပ်ချက်များကို မေးမြန်း၍ တာဝန်ရှိသူများအား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ခွဲစိတ်ဆောင်၊ လူနာခန်းများနှင့် ထပ်မံတိုးချဲ့ဆောက်လုပ်မည့် Imaging Complex မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာပေါ်ထွန်းက ဆောက်လုပ်မည့် အစီအမံများနှင့ ဆောင်ရွက်သွားမည့်ကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးဝါးပစ္စည်းများသိုလှောင်ထားရှိရာ ဆေးသိုလှောင်ခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးက ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက မှာကြားရာတွင် ကွန်ပျူတာစနစ်က အသုံးပြု၍ ဆေးဝါးများသိုလှောင်ထားရန် လိုအပ်ကြောင်း၊ ဆေးဝါး၏ သက်တမ်းကုန်ဆုံးမှု ရှိ/မရှိကို အလွယ်တကူ သိရှိနိုင်ရန်အတွက် ထိုနည်းစနစ်သည် အလွန်ကောင်းမွန်ကြောင်း၊ ဆေးဝါးအသုံးပြုပြီးဖြစ်မှု၊ ကုန်ဆုံးသွားမှုအခြေအနေများကို သိုလှောင်ခန်းအရောက် လာရောက်ကြည့်ရှုစစ်ဆေးရန်မလိုဘဲ ကွန်ပျူတာစနစ်ဖြင့် အလွယ်တကူ သိရှိနိုင်မည်ဖြစ်ရာ နည်းစနစ်ပိုမိုကောင်းမွန်မှုကိုအသုံးချ၍ ကျန်းမာရေးကဏ္ဍကို မြှင့်တင်သွားရန် လိုအပ်ကြောင်းဖြင့်မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် စစ်စထွန်းပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများနှင့ ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာဒေါ်စန်းစန်းဝေက အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၏ လုပ်ငန်းဆောင်ရွက်ချက်နှင့ လိုအပ်ချက်အခြေအနေများကို လည်းကောင်း၊ စစ်စထွန်းပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးဒေါက်တာပေါ်ထွန်းက ပြည်သူ့ဆေးရုံကြီး၏ ကျန်းမာရေးဝန်ဆောင်ပေးနေမှုဆိုင်ရာများနှင့ လိုအပ်ချက်များကို လည်းကောင်း၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးသန်းထိုက်အောင်က ပြည်နယ်အတွင်း ကျန်းမာရေးကဏ္ဍဆိုင်ရာများတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်ချက်အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် စစ်စထွန်းဆေးရုံသို့ ယနေ့ရောက်ရှိလာခြင်းသည် ဒုတိယအကြိမ်ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ပထမအကြိမ် ရောက်ရှိလာခဲ့စဉ်က အခြေအနေနှင့် ယခုအခြေအနေကို နှိုင်းယှဉ်ကြည့်ပါက တိုးတက်မှုများအထိက်အလျောက်တွေ့ရသည့်အတွက် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ပါကြောင်း။

နှစ်ပေါင်း အတော်အသင့်ကြာခဲ့ပြီဖြစ်သည့် ဤဆေးရုံကြီးမှ ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွင်ရှိသည့် ပြည်သူလူထုများကို အခက်အခဲမျိုးစုံကြားထဲမှ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကြိုးစားဆောင်ရွက်ပေးကြသူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ဤဆေးရုံကြီးကို လာရောက်ကြည့်ရှုရသည့် ရည်ရွယ်ချက်သုံးခုရှိပါကြောင်း၊ ပထမတစ်ခုမှာ မကြာမီကာလတွင် ဖွင့်လှစ်ရန်ရှိသည့် ဆေးတက္ကသိုလ်(တောင်ကြီး)အတွက် စစ်စထွန်းဆေးရုံကြီးသည် ကုသရေးဆေးရုံအပြင် သင်ကြားရေးဆေးရုံအနေဖြင့်ပါ ပေါ်ပေါက်လာမည်ဖြစ်ရာ လိုအပ်ချက်များသိရှိနိုင်ရန်ဖြစ်ကြောင်း။

ဒုတိယအချက်မှာ လက်ရှိဆေးရုံကြီး၏ ဆေးဝါးနှင့ အထောက်အကူပြုပစ္စည်းများ၏ လိုအပ်ချက်၊ ဝန်ထမ်းမိသားစုများ၏ လိုအပ်ချက်များကို တစ်ဆက်တည်းဆောင်ရွက်ပေးနိုင်သည်များကိုလည်း ဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍနှင့ ပတ်သက်၍ နိုင်ငံတော်ဘက်က ဆောင်ရွက်ပေးရန်ရှိသည်များ ဆောင်ရွက်ပေးနိုင်ရန်နှင့ ဆေးရုံမှတာဝန်ရှိသူများက အကြံဉာဏ်များ၊ တင်ပြချက်များအပေါ်တွင်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရောက်လာခြင်းပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ကျန်းမာရေးကဏ္ဍအတွက် Budget ရန်ပုံငွေများကို နှစ်စဉ်တိုးမြှင့်ချထားပေးသည့်အလျောက် အထူးသဖြင့် အခြေခံလူတန်းစား၊ အလယ်အလတ်တန်းစား လူတန်းစားများအပေါ် အကျိုးသက်ရောက်မှုရှိစေချင်ပါကြောင်း၊ ထိုအတူပင် မြို့ပေါ်နှင့် ကျေးလက်ကျန်းမာရေးဝန်ဆောင်ပေးမှုကွာဟချက် နည်းနိုင်သမျှ နည်းပါးစေလိုသည့်စေတနာဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မြို့ပေါ်တွင်ရသည့် ကျန်းမာရေးစောင့်ရှောက်မှုမျိုးနီးပါး ကျေးရွာများတွင်လည်း ရစေချင်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ လိုအပ်သည့်အကြံဉာဏ်များကို တိုက်ရိုက်စာရေးသားပေးပို့နိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျန်းမာရေးဝန်ထမ်းများ၏တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး ဖြည့်ဆည်းပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား တောင်ကြီးဟိုတယ်၌ တွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှမ်းပြည်နယ်(တောင်ပိုင်း)တော တောင်ဘုရား၌ အလှူငွေပေးအပ်စဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် တောင်ကြီးမြို့ကို နိုင်ငံတာပန်ဖြင့် မကြာခဏရောက်ခဲ့သော်လည်း တောင်ကြီးမြို့ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို တွေ့ရသည်မှာ နှစ်ကြိမ်နှစ်ခါပင် ရှိပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့ လူမှုစီးပွားဘဝမြှင့်တင်ရေးအစီအစဉ်ဖြင့် ရောက်ရှိစဉ် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ စုစုပေါင်း ခနစ်ဖွဲ့ ရှိနေသည်ကိုတွေ့မြင်ရ၍ ဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပုဂ္ဂလိကဆိုင်ရာကဏ္ဍများတွင် ထွက်ပေါ်လာသည့်ရလဒ်များအပေါ် ထားရှိသည့် တိုင်းရင်းသားပြည်သူများ၏အမြင်သဘောထားကိုလည်းသိရှိလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ တစ်ရာကျော်နေထိုင်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးထဲတွင် ရှမ်းပြည်နယ်သည်နယ်မြေအကျယ်အဝန်းအကြီးဆုံးဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်တွင် တိုင်းရင်းသားလူမျိုးများစွာ နေထိုင်ကြပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ခြောက်ခုရှိသည့်အနက် ရှမ်းပြည်နယ်တွင် ငါးခုရှိနေသည်ကို တွေ့ရပါကြောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသာမက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များပါ များစွာရှိနေသည်ကိုတွေ့ရပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့တွင်လည်း တိုင်းရင်းသားရေးရာဝန်ကြီး ခုနစ်ဦးအထိရှိနေသည်ကို တွေ့ရပါကြောင်း၊ ရှမ်းပြည်နယ်တွင် မြို့နယ်အားဖြင့် ၅၅ မြို့နယ်အထိရှိနေသည်ဟု သိရကြောင်း။

ရှမ်းပြည်နယ်သည် ထူးခြားဝိသေသများစွာရှိသည့် ပြည်နယ်တစ်ခုဟုဝင်ဆိုနိုင်ပါကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ မိမိတို့စာပေနှင့် ယဉ်ကျေးမှုကစ၍အဝဝမှန်သမျှက အခြားသော တိုင်းရင်းသားများကို မထိခိုက်စေဘဲ နိုင်ငံတော်မှချမှတ်ထားသည့် ဥပဒေများနှင့်ကိုက်ညီပါက လွတ်လပ်စွာလုပ်ကိုင်နိုင်ပါကြောင်း၊ ယခုအခါ ပြည်ထောင်စုလွှတ်တော်တွင် တိုင်းရင်းသားများ၏ အခွင့်အရေး ကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ဆွေးနွေးနေပြီဖြစ်ကြောင်း၊ ယင်းမှာပြောင်းလဲလာသည့်ခေတ်၊ စနစ်က ဖော်ပြနေခြင်းပင်ဖြစ်ပါကြောင်း။

လွှတ်တော်တွင်လည်း တိုင်းရင်းသားပေါင်းစုံ ပါဝင်လျက်ရှိနေကြောင်း၊ မိမိလိုချင်သည့် အခွင့်အရေးကိုတင်ပြနိုင်ပြီဖြစ်ကြောင်း၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ စာပေနှင့်ယဉ်ကျေးမှုအသင်းအသင်းအဖွဲ့များသည် မိမိတို့တိုင်းရင်းသား စာပေဘာသာစကားများ ဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ တိုင်းရင်းသားကိစ္စများနှင့်ပတ်သက်၍လည်း ငြိမ်းချမ်းရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ရန်လိုပါကြောင်း၊ မိမိတို့အစက မောင်နှမများအနေဖြင့် ငြိမ်းချမ်းရေးရရှိအောင် ဆွေးနွေးတိုင်ပင်သင့်ပါကြောင်း၊ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးရရှိစေရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ဝိုင်းဝန်းဆွေးနွေးကြရန်လိုမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမည်ဆိုပါက မည်သူ့အတွက်မျှ ကောင်းကျိုးမရှိဘဲ ဆိုးကျိုးသက်သက်သာ ဖြစ်ပေါ်စေမည်ဖြစ်ရာ ငြိမ်းချမ်းရေးရရှိစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သင့်ကြောင်း၊ ယခုအခါတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအနေဖြင့်လည်း သိရှိထားပြီးဖြစ်သည့်အားလျော်စွာ မိမိတို့တတ်နိုင်သမျှ ငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းကူညီပေးဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များက တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဆိုင်ရာများ၊ ပညာရေးတိုးမြှင့်နိုင်စေရေးနှင့် ဒေသတွင်းလိုအပ်ချက်ဆိုင်ရာများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တင်ပြဆွေးနွေးကြရာ ဒုတိယသမ္မတက တင်ပြချက်များနှင့် စပ်လျဉ်း၍ပြန်လည်ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယသမ္မတက ရှ... တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ခုနစ်ဖွဲ့အား ချီးမြှင့်ထောက်ပံ့ငွေကျပ် သိန်း ၂၀ စီဖြင့် ငွေကျပ်သိန်း ၁၄၀ ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းအောင်မြတ်က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ချီးမြှင့်ထောက်ပံ့ငွေ ၁၀ သိန်းစီဖြင့် ငွေကျပ်သိန်း ၇၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တက်ရောက်လာသောကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ တွေ့ဆုံပွဲကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တောင်ကြီးမြို့ရှိ ရွှေဘန်းပွင့်စေတီတော်နှင့် မြစ်မ်းတောင်စေတီတန်ခိုးကြီးဘုရားများကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး တောင်ကြီးမြို့၏ ရှခင်းအလှအား ...

(သတင်းစဉ်)

နှစ်ဖက်လူမှုအဖွဲ့အစည်းမှ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍများတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မောင်တောမြို့တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးစည်ပင်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မောင်တောမြို့မှ ဘူးသီးတောင်မြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ရောက်ရှိ... ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ဒေသခံပြည်သူများ၊ မြို့မမြို့ဖများနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့ ဌာနဆိုင်ရာတာဝန်ရှိသူများကိုတွေ့ဆုံ၍ ဒေသအတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူများ၏ လတ်တလော လိုအပ်ချက်များကို မေးမြန်းဆွေးနွေး ဖြည့်ဆည်းပေးသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့ အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့ သပြေကန်းရပ်ကွက်ရှိ မူလတန်းလွန်ကျောင်း သက်တမ်းကုန်ကာလရောက် ရှိနေသည့် စာသင်ဆောင် တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသားများ ပညာသင်ယူမှု အခြေအနေကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့ အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် မြို့ပြစည်ပင်သာယာဖွံ့ဖြိုးမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ဘူးသီးတောင်မြို့မှ စစ်တွေမြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့်ပြန်လည်ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ... လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

... ယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ဒေသ၏ ပထဝီ

❐ စာမျက်နှာ ၇ မ

အဆိုပါအမိန့်... ငြာစာတွင် မော်တော်ယာဉ်တန်ဖိုး၏ (၅၀) ရာခိုင်နှုန်းအပေါ် (၁၅)ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရန် သိမှတ်ဝင်မငွေရလမ်းစိစစ်မှု ခံယူလိုပါက တည်ဆဲအခွန်ဆိုင်ရာဥပဒေများနှင့် အညီ စိစစ်စည်းကြပ်မခံယခွင့်ပြုနိုင်သည်ဟု ဖော်ပြပါရှိပါကြောင်း၊ သို့ရာတွင် ၎င်းအမိန့်ကြော်ငြာစာသည် မော်တော်ယာဉ်၊ ရေယာဉ်များ ဝယ်ယူခြင်း၊ တည်ဆောက်ခြင်းအတွက်သာ သက်ဆိုင်ပြီး တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတက အရေးယူသည့်ဥပဒေနှင့ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေတအရ အရေးယူထားသည့် အမှုများနှင့်သက်ဆိုင်ခြင်း မရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ရခိုင်ပြည်နယ် မဆနနယ်အမတ်(၆)မှ ဦးခင်မောင်လတ်၏ "စစ်တွေရထားလမ်းပင်နှင့် ပဏ္ဏားကျွန်းရထားလမ်းပိုင်းရှ ဆေးပြည်နေသော သစ်သားဇလီဖားတုံးများက အစားထိုးပြီး အဆိုပါလမ်းပိုင်း(၂)ခုကို တတားထိုးဆက်သွယ်ပေးရန် အစီအစဉ် ရှိ/မရှိ"မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က စစ်တွေ-ရေချမ်းပြင် ရထားလမ်းပိုင်း၊ ကွမ်းတောင်-ပဏ္ဏားကျွန်း -ယိုးတရုတ်-ကျောက်တော်ရထားလမ်းပိုင်းအတွင်း မတော်တဆမှုများ မဖြစ်ပေါ်စေရေးအတွက် ယခုပင်လင်းရာသီတွင် ပြုပြင်ရန် ကွန်ကရစ်ဇလီဖား (၄၆၈၀၀)တုံးကို ရန်ကုန်မှစစ်တွေသို့ သယ်ယူပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ စစ်တွေသို့(၂၆၈၀၇)တုံး ရောက်ရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါ ကွန်ကရစ် ဇလီဖားတုံးများအား အပေါက်ဝ၊ ဂဏန်းတောင်၊ ယိုးတရုတ်၊ အောင်မြူပြင်၊ ပဏ္ဏားကျွန်းနှင့် ကွမ်းတောင်ဘူတာများတွင် စုပုံထားပြီး ဖြစ်ပါကြောင်း။

ဆေးပြည်နေသော သစ်သားဇလီဖားတုံးများအား ... (၄၅၆၃၀)တုံးက ဝယ်ယူနိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ရာ ကျောက်တော်တွင် ဇလီဖား(၄၀၀၀)တုံး လက်ခံရရှိပြီးဖြစ်၍ ကျန်တုံးများအား ဆက်လက်ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရရှိပြီး သစ်သားဇလီဖားတုံးများအား ရေနံချေးသုတ်လိမ်း၍ လမ်းပိုင်းအတွင်း လဲလှယ်ထည့်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်-မြောက်ဦး လမ်းပိုင်းအား ဆက်သွယ်သွားလာနိုင်ရန်အတွက် စစ်တွေ-ကျောက်တော်လမ်းပိုင်းတွင် ပေ (၇၇၇၀)ခန့် အရှည်ရှိသော မင်းချောင်းတံတားကြီးနှင့ ကျောက်တော်-မြောက်ဦး လမ်းပိုင်းတွင် ပေ ၇၈၀၀ ခန့် အရှည်ရှိသော ကစပနဒီတံတားကြီး တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပြီး ဘဏ္ဍာငွေအခြေအနေအရ လောလောဆယ်တံတားများ တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်



■ ရခိုင်မ
နှစ်ဖက်လူမှုအဖွဲ့အစည်းမှ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပဋိပက္ခများတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ရှင်းလင်း[illegible] မောင်တောမြို့တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးစည်ပင်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် မောင်တောမြို့မှ ဘူးသီးတောင်မြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ဒေသခံပြည်သူများ၊ မြို့မမြို့ဖများနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကိုတွေ့ဆုံ၍ ဒေသအတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို မေးမြန်းဆွေးနွေး ဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့ သပြေကန်းရပ်ကွက်ရှိ မူလတန်းလွန်ကျောင်း သကကန်ကရစ နစထပ စာသင်ဆောင် တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသားများ ပညာသင်ယူမှု အခြေအနေကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့ မြို့တွင်းလမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်နေမှုနှင့် မြို့ပြစည်ပင်သာယာဖွံ့ဖြိုးမှုများကို မော်တော်ယာဉ်ဖြင့် [illegible] ဘူးသီးတောင်မြို့မှ စစ်တွေမြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့်ပြန်လည် ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ဒေသ၏ ပထဝီအနေအထားနှင့် လူမှုရေး၊ စီးပွားရေး တိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့် ဦးအောင်သန်းဦးတို့က မိမိတို့ဝန်ကြီးဌာနအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညွန့်ထွန်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် စစ်တွေဆိပ်ကမ်းရှိ ကုလားတန်မြစ်ကြောင်း သယ်ယူပို့ဆောင်ရေး စီမံကိန်းရှင်းလင်း ဆောင်သို့ ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးဇင်ယော်က စီမံကိန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့သည်။

[illegible]န်မြစ်ကြောင်း [illegible] ပို့ဆောင်ရေး [illegible] ပြည်နယ် စစ်တွေမြို့နှင့် ပလက်ဝမြို့တို့တွင် တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စစ်တွေဆိပ်ကမ်းကို တန်ချိန် ၂၀၀၀၀ ရေယာဉ်ဆိုက်ကပ်နိုင်မည့် ဆိပ်ခံတံတားတစ်ခု တည်ဆောက်လျက်ရှိသည်။

ထို့နောက် [illegible] ဦးညွန့်ထွန်းနှင့် အဖွဲ့ဝင်များသည် စစ်တွေဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဦးဇင်ယော်နှင့် စီမံကိန်းတာဝန်ခံတို့က လိုက်လံရှင်းလင်းပြသသည်။

ထို့အတူ စစ်တွေမြို့ ကမ်းနားလမ်း အဆင့်မြှင့်တင်ထားမှုနှင့် View Point တို့ကို ကြည့်ရှုသည်။

ဆက်လက်၍ စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည် [illegible]ရှုစစ်ဆေးခဲ့သည်။

ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီး[illegible]တွေမြို့များသို့ ဒုတိယသမ္မတ ဦးညွန့်ထွန်း ရောက်ရှိစဉ် ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ၌ မိမိတို့ လူ့အဖွဲ့အစည်းမှာ သမင်္ဂကြောင်းနှင့်ချုပြီး ဒီမိုကရေစီ ရေချိန်နှိမ့်ပါးခြင်းနှင့် ပွင့်လင်းလွတ်လပ်သော လူ့အဖွဲ့အစည်း တစ်ရပ်ကို မတည်ဆောက်နိုင်ခြင်းကြောင်း လက်နက်ကိုင်ပဋိပက္ခ၏ အခက်အခဲ အကျပ်အတည်းများ၊ အချင်းချင်း မယုံကြည်မှုများ၊ စီးပွားရေးနိမ့်ကျမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျမှုဆိုသည့် ခါးသီးသောဒဏ်များကို ခံစားခဲ့ကြရပါကြောင်း၊ ၎င်းဒဏ်ရာများကို ကုစားနိုင်ရန်အတွက် မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် အသွင်ကူးပြောင်းရေးဖြစ်စဉ်များသည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်၊ စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီစနစ်အခြေပြု အုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းမှုဖြစ်စဉ်နှင့် ဗဟိုချုပ်ကိုင်သောစီးပွားရေးစနစ်မှ လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ် တည်ဆောက်မှုဖြစ်စဉ်ဟူသည့် သုံးပွင့်ဆိုင်အပြိုင်အသွင်ကူးပြောင်းရေးများ ဖြစ်ပါကြောင်း။

ယင်းဖြစ်စဉ်များကို နိုင်ငံရေး၊ လူမှုစီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပဋိပက္ခဖြေ[illegible]းတိုးတက်ရေး ပြောင်းလဲမှု လုပ်ငန်းစဉ်ကြီး(၄)ရပ်ကို တစ်ချိန်တည်းတစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် [illegible] အနောက်ဘက်တခ[illegible]စကြောင်း၊ အနောက်နိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသနှင့် အာဆီယံနိုင်ငံများနှင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့်လည်းကောင်း ကုန်သွယ်ရောင်းဝယ်မှုအခွင့်အလမ်းများရှိပါကြောင်း။

စစ်တွေဆိပ်ကမ်းနှင့် ကျောက်ဖြူဆိပ်ကမ်းတို့သည် မကြာမီတွင် နိုင်ငံတကာဆိပ်ကမ်းများအဖြစ် ဖြစ်ပေါ်လာတော့မည်ဖြစ်ကြောင်း။

ပြည်နယ်၏လမ်းပန်းဆက်သွယ်ရေးသည် ပြည်မနှင့်သာမက အရှေ့အနောက်ကမ္ဘာနိုင်ငံများ၏ စကြံလမ်းကြောင်းအဖြစ် ကုန်သွယ်ရောင်းဝယ်မှု ဗဟိုချက် ဖြစ်လာမည် ဖြစ်ပါကြောင်း။

ကုန်သွယ်ရောင်းဝယ်မှု ဗဟိုချက် ဖြစ်လာသည်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ စီးဆင်းလာပြီး ရခိုင်ပြည်နယ် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖွံ့ဖြိုးလာမည့် အခြေအနေကောင်းကို ပိုင်ဆိုင်လျက်ရှိပါကြောင်း။

စီးပွားရေးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်မှုမှတစ်ဆင့် ပြည်သူများ၏ ပညာရေး၊ လူမှုရေးအဆင့်အတန်း တိုးတက်မြင့်မားအောင် ဆောင်ရွက်ပြီး စည်ပင်သာယာဝပြောသောပြည်နယ်တစ်ခုဖြစ်အောင် ဆောင်ရွက်ကြရမည့်ဖြစ်ကြောင်း။

နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ဘက်စုံ[illegible]းတိုးတက်အောင် ဆောင်ရွက်ရာတွင် အဓိကလိုအပ်မှာ စွမ်းဆောင်ရည်ဖြစ်ကြောင်း၊ [illegible] စမ်းဆောင်ရည်များဖြစ်သည့် နိုင်ငံရေးတည်ငြိမ်မှုနှင့် ဆူပူအကြမ်းဖက် [illegible] ရှိခြင်း၊ ဥပဒေစိုးမိုးမှုရှိခြင်းတို့ဖြင့် ပြည့်စုံသည့် အုပ်ချုပ်ရေးယန္တရားဖြစ်အောင် တည်ဆောက်၍ စီမံခန့်ခွဲရေး၊ ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ ရပ်မိရပ်ဖများနှင့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

ထို့ကြောင့် ဆောင်ရွက်ရာတွင် အဓိကအခြေခံကျသည့် အချက်မှာ တရားဥပဒေစိုးမိုးရေးပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရခိုင်ပြည်နယ်တစ်ခုလုံး တိုးတက်ရေးအတွက် တရားဥပဒေစိုးမိုးရေးရှိအောင် အားလုံးက စီစဉ်ဝန်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် တိုက်တွန်းမှာကြားခဲ့သည်။

(သတင်းစဉ်)

မင်းချောင်းတံတားကြီးနှင့် ကျောက်တော်-မြောက်ဦး လမ်းပိုင်းတွင် ပေ ၇၈၀၀ ခန့် အရှည်ရှိသော ကစ္စပနဒီတံတားကြီး တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပြီး ဘဏ္ဍာငွေအခြေအနေအရ လောလောဆယ်တံတားများ တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် မေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် ပထမပုံမှန်မှ ဆဌမပုံမှန်အထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန် ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများ နှင့်စပ်လျဉ်းသည့် အစီရင်ခံစာအပေါ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအန်းတို့က အကြံပြုဆွေး[illegible] ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

[illegible]

(သတင်းစဉ်)

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၄

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅ အဖြစ် ၂၈-၃-၂၀၁၂ ရက်တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။ အဆိုပါဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ၂၆-၄-၂၀၁၂ ရက်တွင် အလုပ်သမားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၂) ဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများကို ဖြေရှင်းပေးရန် မြို့နယ်အဆင့်တွင် ဖွဲ့စည်းပေးသည့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ၃၂၅ ဖွဲ့ကို လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့်ခုံသမာဓိကောင်စီအဆင့်တို့တွင် ခုံသမာဓိဖြင့်ဆုံးဖြတ်ပေးသည့် တိုင်းဒေသကြီး/ပြည်နယ်ခုံသမာဓိအဖွဲ့ ၁၄ ဖွဲ့နှင့် ခုံသမာဓိကောင်စီတို့ကိုလည်းကောင်း အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား ကိုယ်စားလှယ်တို့ပါဝင်သည့် သုံးပွင့်ဆိုင်စနစ်ဖြင့် ဖွဲ့စည်း၍ ဖျန်ဖြေဆုံးဖြတ် ပေးလျက်ရှိသည်။

အလုပ်သမားရေးရာအငြင်းပွားမှုများကို ဖျန်ဖြေဆုံးဖြတ်ပေးလျက်ရှိရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များမှ ၂၀၁၂ ခုနှစ် မေလမှ ဒီဇင်ဘာလကုန်အထိ ၇၀၂ မှု၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ ၉၀၂ မှု စုစုပေါင်း ၁၆၀၄ မှုကိုလည်းကောင်း၊ တိုင်းဒေသကြီး/[illegible]ယ်ခုံသမာဓိအဖွဲ့များမှ ၂၀၁၂ ခုနှစ် ဇွန်လမှ ဒီဇင်ဘာလကုန်အထိ ၃၈ မှု၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ ၉၇ မှု စုစုပေါင်း ၁၃၅ မှုကိုလည်းကောင်း၊ ခုံသမာဓိကောင်စီမှ ၂၀၁၂ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလကုန်အထိ ၁၇ မှု၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ [illegible] မှု စုစုပေါင်း ၇၀ မှုကိုလည်းကောင်း ဥပဒေနှင့်အညီ ဖျန်ဖြေခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ အဆိုပါအငြင်းပွားမှု ၇၀ မှုအနက်မှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော် လျှောက်ထားမှု ခုနှစ်မှုရှိရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ငါးမှုကို ပလပ်ခဲ့ပြီး နှစ်မှုကို လက်ခံခဲ့ရာ အဆိုပါနှစ်မှုလုံးကိုလည်း စရိတ်နှင့်တကွ ပယ်ခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေတွင် ခုံသမာဓိအဖွဲ့ ဖွဲ့စည်းရန် လိုအပ်သဖြင့်လည်းကောင်း၊ ခုံသမာဓိကောင်စီနှင့်ခုံသမာဓိအဖွဲ့တို့၏ အတည်ဖြစ်ပြီးသည့် ဆုံးဖြတ်ချက်များကို အချို့သော အလုပ်ရှင်၊ အလုပ်သမားတို့က လေးစားလိုက်နာဆောင်ရွက်မှုမရှိသဖြင့် ဥပဒေစည်းနှောင်မှုပိုမိုကောင်းမွန်စေရန်နှင့် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်နိုင်ရန်အတွက် [illegible] မြစ်ချက်နှင့်ပြစ်ဒဏ်သတ်မှတ်ချက်ကို ပြင်ဆင်ရန် လိုအပ်သဖြင့်လည်းကောင်း အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေအား ထုတ်ပြန်နိုင်ရေးအတွက် ညှိနှိုင်းစိစစ် ဆောင်ရွက်လျက်ရှိသည်။

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေအပိုဒ် [illegible] အရ အလုပ်မှရပ်စဲခံရသော အလုပ်သမားအား အလုပ်ရှင်ကပေးရမည့် နစ်နာကြေးနှုန်းထားသတ်မှတ်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးခဲ့ပြီး အကြံပြုချက်များ ရရှိပါက အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

သတ်မှတ်ချက်နှင့် အကျုံးဝင်သက်ဆိုင်သည့် အကြောင်းပြချက်ဖြင့် အလုပ်မှရပ်စဲခံရသော အလုပ်သမားများအား အလုပ်ရှင်က ပေးရမည့် နစ်နာကြေးနှုန်းထား သတ်မှတ်ရန်ဆောင်ရွက်ရခြင်းမှာ အလုပ်ရှင်က အလုပ်သမားများကို သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်းမရှိပါက အလုပ်မရပ်စဲခြင်း [illegible]ပြုနိုင်ရန်နှင့် အလုပ်ရှင်ထံ လုပ်သက်ရှည်ကြာစွာ အလုပ်လုပ်ကိုင်ခဲ့သည့် အလုပ်မှ ရပ်စဲခံရသော အလုပ်သမားများအတွက် ယခုရရှိနေသည့် နစ်နာကြေးနှုန်းထားထက် ပိုမိုကောင်းမွန်သည့်နစ်နာကြေးများ ရရှိခံစားနိုင်စေရန် အလုပ်ရှင်နှင့် အလုပ်သမားများအား ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ နားလည်သဘောပေါက်စေလိုကြောင်းဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဩစတြေးလျနိုင်ငံ Myanmar Eye Care Programme မှ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ဒုတိယအသုတ် မျက်စိအတွင်းတိမ် လူနာ ၃၀၀၀ ကုသဖြတ်ခွဲကုသပေးရန်အတွက် ဒုတိယအကြိမ် အလှူငွေကျပ် သိန်း ၂၀၀ ကို MECP ဌာနေကိုယ်စားလှယ် ဒေါ်ဖြူစင်မွန်နှင့်အဖွဲ့က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ကြေးမုံ)

■ ရတနာပုံတံတားကြီးမှ
တွေ့ဆက်ကာ တံတားကြီးများ ထိန်းသိမ်းရေးကိစ္စတို့ကို ဆွေးနွေးသင်တန်းပေးရန် အစီအစဉ်ရှိကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၂)မှ အင်ဂျင်နီယာမှူးကြီး ဦးပိုင်က ပြောဖြသည်။

ရတနာပုံတံတားကြီးက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၀၁ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၈ ခုနှစ် [illegible] ၁၁ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ တံတားအမျိုးအစားမှာ သံမဏိ သံပေါင်တံတားအမျိုးအစားဖြစ်ပြီး စစ်ကိုင်းဘက် တကောင်းဆိပ်ကမ်းနှင့် အမရပူရမြို့နယ် ရွှေကြက်ယက်၊ ခဝါတော်ဆိပ်ကမ်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားခြင်း ဖြစ်ပြီး တံတားအရှည် ၅၆၀၄ ပေရှိကာ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန် တန် ၆၀ ဖြစ်သည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးပြစ်မှုဆိုင်ရာ တရားစီရင်ရေးကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၄

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် ဥပဒေရေးရာနှင့် တရားစဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ လူကုန်ကူးမှုတိုက်ဖျက်ရေးပြစ်မှုဆိုင်ရာ တရားစီရင်ရေး ကဏ္ဍအလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် အမရာဟိုတယ် Fantastic Hall ၌ ကျင်းပရာ ဥပဒေရေးရာနှင့် တရားစဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲချုပ် ဦးထွန်းထွန်းဦး တက်ရောက် အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ရဲချုပ်ဇော်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။(**အပေါ်ယာပုံ**)

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသား(၅)နှစ်စီမံကိန်းဝါ တရားစဲဆိုရေးကဏ္ဍ၏ အကောင်အထည်ဖော်ဆောင်ရွက်ရေး တိုးတက်မှုအခြေအနေ၊ ဥပဒေမူဘောင်နှင့် [illegible] ရှုကချက်များ၊ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ၊ ဒေသအဆင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတုံ့ပြန်မှုများ၊ မြန်မာနိုင်ငံလူကုန်ကူးမှုအပေါ် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတုံ့ပြန်မှုနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေများ သုံးသပ်ခြင်းဆိုင်ရာများကို ဆွေးနွေးကြမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၅ ရက်တွင် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

၂၀၁၃ ခုနှစ်အတွင်း ပြည်တန်ဆာ၊ လက်ထပ်ထိမ်းမြားခြင်း၊ အဓမ္မစေခိုင်းခြင်း၊ ကြွေးမြီ၊ မွေးစားခြင်း စသည့်အကြောင်းအရာများဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတို့မှ လူကုန်ကူးခံရသည့် အမှုပေါင်း ၁၀၂ မှုရှိခဲ့သည်။ အဆိုပါ အမှုများတွင် လူကြီး၊ လူငယ်၊ ကလေး၊ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၂၃၆ ဦးအနက် ကယ်တင်ရရှိသည့် လူကုန်ကူးခံရသူ ၂၂၃ ဦး၊ အကြောင်းအမျိုးမျိုးကြောင့် ကယ်တင်ရန် ၁၂ ဦးကျန်ရှိပြီး တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ အဓိက လူကုန်ကူးခံရခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကြီးလေးကြီးလမ်းဝဲ/ယာရှိ ကျူးကျော်တဲအိမ် ၄၀၄ လုံးခန့်အား သက်ဆိုင်ရာမှ ဖယ်ရှားရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင်ကျူးကျော်နေမှုများအား တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဒေသခံပြည်သူများ၏ ဆန္ဒနှင့်အညီ ပြည်သူလူထုအကူအညီရယူ၍ တွံတေးမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင် သက်ဆိုင်ရာမှ စနစ်တကျ ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကြီးလေးကြီးလမ်း ဝဲ/ယာတွင် တပ်မတော်ကျောင်း သုံးကျောင်းပိုင်မြေပေါ်ရှိ ကျူးကျော်တဲအိမ် ၄၀၄ လုံးခန့်အား သက်ဆိုင်ရာမှ ဖယ်ရှားရှင်းလင်းခဲ့သည်။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဥပဒေမဲ့ဆောင်ရွက်နေမှုများ ဆက်လက်မဖြစ်ပေါ်စေရေးအတွက် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ [illegible]မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ [illegible]မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းအဖွဲ့သည် [illegible]နက် ၆ နာရီခွဲမှ စတင်၍ ကျူးကျော်တဲ အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းခဲ့ရာ နံနက် ၁၀ နာရီခွဲတွင် ကျူးကျော်တဲအိမ် ၄၀၄ လုံးခန့်အား ဖယ်ရှားရှင်းပြီးဖြစ်ကြောင်းနှင့် ဥပဒေမဲ့တရားမဝင်ကျူးကျော်နေထိုင်မှုများအား ဥပဒေနှင့်အညီ ဆက်လက်ဖယ်ရှားသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပြပွဲပြိုင်ပွဲကျင်းပမည်

၁။ ၂၀၁၄ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပြပွဲပြိုင်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယိုတစ်ကင်း တစ်စပ်တည်း ဧက ၉၀၀ အဆင့်မြင့်စက်မှုလယ်ယာစံပြစိုက်ကွင်းတွင် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပြပွဲပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ တောင်သူလယ်သမား(လယ်ယာကဏ္ဍ) (Farmers Channel) ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲတွင် ဆုရရှိကြသည့် တေးရေးဂီတပညာရှင်၊ ဝါသနာရှင်များ၊ စာပေပညာရှင်နှင့် ဝါရင့်တေးဂီတပညာရှင်ကြီးများအား ဂုဏ်ပြုဆုများကို ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

(က) ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံပြိုင်ပွဲတွင် ဆုရရှိကြမည့် ပြိုင်ပွဲဝင်များအား ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်း၊ တတိယဆု ကျပ်ငါးသောင်း၊ စတုတ္ထဆု ကျပ်လေးသောင်း၊ ပဉ္စမဆု ကျပ်သုံးသောင်းနှင့် နှစ်သိမ့်ဆု ကျပ်နှစ်သောင်း ချီးမြှင့်သွားမည်ဖြစ်ပါသည်။

(ခ) တောင်သူလယ်သမား(လယ်ယာကဏ္ဍ)(Farmers Channel) တေးသီချင်းပြိုင်ပွဲတွင် ဆုရရှိကြသည့် တေးရေးဂီတစာဆိုပညာရှင်များကို ပထမဆုကျပ်သိန်း ၅၀၊ ဒုတိယဆု ကျပ်သိန်း ၃၀၊ တတိယဆု ကျပ် သိန်း ၂၀ နှင့် နှစ်သိမ့်ဆု ခုနစ်ဆုအတွက် တစ်ဆုလျှင် ကျပ်ငါးသိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

(ဂ) စာပေပညာရှင် ဆရာမြင်းမူမောင်နိုင်မိုးအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်း ချီးမြှင့်သွားမည်ဖြစ်ပါသည်။

(ဃ) ထို့အပြင် ဝါရင့်တေးဂီတပညာရှင်ကြီးများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

၃။ လယ်ယာကဏ္ဍတွင် ဝါဝင်ဆောင်ရွက်နေကြသော စိုက်ပျိုးရေးပညာရှင်များ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် စိတ်ဝါဝင်စားသော စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီအသင်းအဖွဲ့များ၊ တောင်သူလယ်သမားများအားလုံး လာရောက်လေ့လာနိုင်ပါကြောင်း လေးစားစွာဖိတ်ခေါ် အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်ဓားယမ်း

AYEYARWADY BANK
your trusted partner
WE SUPPORT

မြန်မာနှင့်ဧရာ
ခွဲခြားမရ…

(၅၈)နှစ်မြောက်ဖြစ်သော
ညောင်ဦးဘဏ်ခွဲ ကို
(၅.၂.၂၀၁၄)ရက်နေ့တွင်
အောင်မြင်စွာဖွင့်လှစ်ပြီးဖြစ်ကြောင်း…

ညောင်ဦးဘဏ်ခွဲ
အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၁၀၂)၊ ရွာသစ်၊ လမ်းမတော်လမ်း၊ ညောင်ဦးမြို့၊
ညောင်ဦးခရိုင်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၆၁ ၆၁၂၁၃ – ၁၅
ဖက်(စ်) - ၀၆၁ ၆၀၄၀၁၊ ၆၀၄၆၁
www.ayabank.com

ပြည်တွင်းရေးရာ

ဖယ်ခုံမြို့၌ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ဆွေးနွေး

ဖယ်ခုံ ဖေဖော်ဝါရီ ၄

လူဦးရေစာရင်း အမှန်ကောက်ယူနိုင်ရေးအတက် ပြည်သူများ ဝိုင်းဝန်းဆောင်ရွက်ပေးစေရန်အတက ရည်ရွယ်ချက်ဖြင့် ကွင်းဆင်းဆွေးနွေးမှုကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့ မြို့နယ်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးဌေးလိုင်က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း မေးခွန်း(၄၁)ချက်အပေါ် ပြည်သူလူထုမှ မှန်ကန်စွာဖြေဆိုကြရေး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များကလည်း စနစ်တကျကြီးကြပ်ဆောင်ရွက်ရေး စသည့်လုပ်ငန်းများက အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ရင်းသားရေးရာဝန်ကြီး ဦးလောရင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်/ကျေး သန်းခေါင်စာရင်းကော်မတီဝင်များက မိမိတို့သိရှိလိုသည့် အချက်အလက်များကို မေးမြန်းကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များ၏ မေးမြန်းချက်များ၊ မရှင်းလင်းသည ကိစ္စများကို ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဌေးလှိုင်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။ **နန်းအေးထား(လဝက)**

တောင်သူများဝမ်းစာဖူလုံရုံသာမက နွားစာများဖူလုံစေရန် ရိုက်ဖတ်၊ နှမ်းရိုး၊ မြေပဲရိုးများစဉ်း၍ သိုလှောင်

အရာတော် ဖေဖော်ဝါရီ ၄

ကျေးလက်နေပြည်သူများသည် လယ်ယာကဏ္ဍကိုအဓိကထားနေကြသည့်အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေကြရသလို လယ်ယာများတွင် ထွန်ယက်စိုက်ပျိုးနေကြရသော ခိုင်းနွားများအတွက် နွားစာများလုပ်ငန်း ဖူလုံစေရန်လိုအပ်ပေရာ တောင်သူများအနေဖြင့် ဝမ်းရေးထက် နွားစာရေးအခက်မကြုံရလေအောင် နေဦးစပြီဆိုသည်နှင့် စပါးစိုက်ရာဒေသများမှ ကောက်ရိုးရိုဖတ်များကို လည်းနင့်တစ်ဖုံ၊ ထော်လာဂျီများဖြင့်တစ်မျိုး စပါးခြေလေပြီး ရိုက်ဖတ်များကို ထော်လာဂျီအပြည့် တစ်စီးလျှင် ကျပ် ၁၂၅၀၀၀ ဖြင့် ပေးဝယ်ကြရပြီး မိမိယာမြေမှ ထွက်ရှိသော ပြောင်းရိုး၊ နှမ်းရိုး၊ မြေပဲရိုး စသည်များကို နွားစာစဉ်းစက်ဖြင့်စဉ်း၍ သိုလှောင်ထားသည်ကို တွေ့ရှိရသည်။ **(အပေါ်ပုံ)**

ထုသို့ ဝမ်းစာဖူလုံရုံနှင့်မပြီးသေးဘ နွားစာများဖူလုံစေရန်အတွက် နွေပေါက်၍ လုပ်ငန်းခွင် ခေတ္တမနားချိန်တွင် နွားများစားသုံးရန်အတွက် နွားစာများစဉ်းပြီး သိုလှောင်ရပါကြောင်း၊ ယာမြေမှထွက်ရှိသော ပြောင်းရိုး၊ နှမ်းရိုး၊ မြေပဲရိုးများပါမကျန် ရောနှော၍နွားစာစဉ်းစက်ဖြင့်ငှားစဉ်းကြရပြီး နွားစာစဉ်းစက်ပိုင်ရှင်အား တစ်နာရီလျှင် ကျပ် ၆၀၀၀ ပေးရသဖြင့် တောင်သူလုပ်ငန်းခွင်မှထွက်ရှိသော သီးနှံများရောင်းချပြီး ဝမ်းစာတစ်ဝက၊ နွားစာတစ်ဝက်ဖူလုံအောင် ဆောင်ရွက်နေရသည့်အဖြင့် ဝမ်းရေးထက ခိုင်းနွားများအားအင်ပြည့်ဖြိုးစေရန် ကျေးမေးနိုင်ရေးအတက အခက်မကြုံရအောင် ဆောင်ရွက်နေရပါသည်ဟု အမှတ်(၃)ရပ်ကွက်အတွင်းရှိ တောင်သူဦးတင်ဝင်းက ပြောကြားသည်။

(မြို့နယ်ပြန်/ဆက်)

ကမ္ဘာလှည့်ခရီးသွားများ မင်းတယ၌ မီးပုံးပျံစီး

ပင်းတယ ဖေဖော်ဝါရီ ၄

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ ရွှေဥမင်သဘာဝလှိုဏ်ဂူနှင့် သာယာလှပသော ပုန်းတလုတရေကန်ကြီးနှင့် သဘာဝအလှအပရှုခင်းများရှိခြင်းကြောင့် တမာလှည့်ခရီးသားများ လာရောက်လည်ပတ်လျက်ရှိသည်။

ဖေဖော်ဝါရီ ၄ ရက်တွင် ပင်းတယမြို့သို အလည်အပကရောက်ရှိလာသော ကမာလည့်ခရီးသားများသည် Gas မီးပုံးပျံ ခြောက်လုံးတွင် လိုက်ပါ၍ ရွှေဥမင်ဘုရား၊ ပုန်းတလုတ်ရေကန်နှင့် သဘာဝအလှအပ ရှုခင်းများကို နံနက် ၆ နာရီမှ နံနက် ၉ နာရီအထိ မီးပုံးပျံစီးကြပြီး လှေ့လာကြည့်ရှုကြသည်။

ပင်းတယမြို့သည် ရှေးယခင်ကတည်းက ငါးရက်တစဈေးပြုလုပ်ပြီး အဆုပါဈေးသည် မီးပုံးပျံစလတ်သည့်နေရာမကြည့်လျှင် ပုန်းတလတ်ရေကန်၏အနောက်မြောက်ဘက်ကင်ရှိသည်။ ယနေ့သည် ပင်းတယဈေးနေ့ဖြစ်သောကြောင့် ပင်းတယမြို့နှင့် ရက်ကတ် (၁၂)ရပ်ကက်၊ အနီးပတ်ဝန်းကျင်ကျေးရွာမှ ဈေးဝယ်လာကြသော အများပြည်သူများသည် အရောင်အသွေးမျိုးစုံဖြင့် လှပနေသော အဆိုပါ မီးပုံးပျံအား ထူးဆန်းအံ့သြစွာဖြင့် တိုးဝှေ့လျက်ကြည့်ရှုနေကြကြောင်း သိရသည်။ **မိုးမိုးထွေး(ပင်းတယ)**

MRTV-4 ရုပ်မြင်သကြားအစီအစဉ်အကျဉ်း

၅-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

၅း၄၀	"ဆိုးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ" တရားတော (သစာရေစည်ဆရာတော်အရှင်ဥတ္တမ)
၆း၄၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၉၀)
၁၀း၀၀	ခေတ်သစ်ဂျိမေ
၆း၂၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၉၁)
၇း၁၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ - ပန်းနုသွေး(ဇာတ်သိမ်းပိုင်း)
၈း၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၇၄)
၉း၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရေဖုးစာလေး တဝလည" (အပိုင်း-၃၂)
၄း၄၅	ကြည့်နူးစရာလကဆောင်အဖြာဖြာ (စပယ်ဖြူ အလှဆင်ပန်း)

မျိုးကောင်းမျိုးသန့်သီးနှံမျိုးစေ့များ လာမည့်နှစ် ပြန်လည်စိုက်ပျိုးနိုင်ရေး သိုလှောင်သိမ်းဆည်း

တောင်တွင်းကြီး ဖေဖော်ဝါရီ ၄

တောင်တွင်းကြီးမြို့နယ် တရုပ်ကောအုပ်စု သဖန်းကန်းကျေးရွာမှ ဒေသခံတောင်သူအများစုသည စိုက်ပျိုးဖြစ်ထွန်းအောင်မြင်သည့် သီးနံမျိုးစေဖြင့် လာမည့်နှစ် ပြန်လည်စိုက်ပျိုးနိုင်ရန် သိုလှောင်သိမ်းဆည်းကြကြောင်း သိရသည်။

"ဒီနှစ်အတက် ကိုယ်စိုက်ပျိုးတဲသီးနံအောင်မြင်ရင် ဝမ်းစာနဲ့ မိသားစုဝင်ငွေအတက ရောင်းချတဲအပြင် လာမည့်နှစ်ရာသမာ စိကပျိုးဖိအတက မျိုးကောင်းမျိုးသန့်အောင်မြင်ဖြစ်ထွန်းတဲ သီးနံမျိုးစေတေကို စနစ်တကျ သိလောင်သိမးဆည်းရပါတယ်။ တခြားနေရာတ ဝယ်ပြီးစက်တဲ မျိုးစေတေက စိတ်မချရဘူး။ ဝယ်တဲမျိုးစေတေက မအောင်တဲ မျိုးစေတေဖြစ်ပြီး စိုက်မိရင် အရင်းအနှီး ဆုံးရှုံးတာမျိုးကြုံတွေ့ခဲ့ရလို ကိုယ်စိုက်ပျိုးအောင်မြင်တဲ သီးနံက နေပြီး လာမယ်နှစ်ရာသီအတက် စိုက်ပျိုးဖို မျိုးစေချန်ပြီးသိလောင်သိမ်းဆည်းရတယ်"ဟု သဖန်းကန်းကျေးရွာမှ တောင်သူကစ်ဦးက ပြောကြားသည်။

တောင်တွင်းကြီးမြို့နယ်ရှိ ကျေးလက်ဒေသများမှ တောင်သူအများစုမှာ စပါး၊ နှမ်း၊ မြေပဲ၊ မတ်ပဲ၊ ကုလားပဲ၊ ပဲကြီး၊ ပဲတီစိမ်း၊ ငရုတ်သီးစသည့် သီးနံများ၏ အောင်မြင်သည့် မျိုးစေများကို မျိုးအဖြစ် သိလောင်သိမ်းဆည်းလေရှိကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောကြားသည့်။ **(၅၈ပ)**

သွေးသည် အသက်

စီးပွားရေးတက္ကသိုလ် ၁၉၆၄-၆၈ဘွဲ့ရသူငယ်ချင်းများ (၁၁)ကြိမ်မြောက်မိတ်ဆုံဘုရားဖူးခရီးစဉ်

ရန်ကုန်- ရွှေဆံတော်ဘုရားနှင့် ရွှေဘသာမနိဘုရား (နေ့ချင်းပြန) ခရီးစဉ်

ရက်စွဲ - ၁၂-၂-၂၀၁၄ ရက(ဗုဒ္ဓဟူးနေ့) ပြည်ထောင်စုနေ့

အချိန် - နံနက် ၆ နာရီအရောက်

စုရပ်နေရာ - စီးပွားရေးတက္ကသိုလ်(ရန်ကုန်)

လိုက်ပါလိုသူများ ဒေါ်ခင်ဝင်းရီ ဖုန်း- ၃၈၄၁၀၀ နှင့် ဒေါ်နမ်မေစန်း ဖုန်း-၃၇၇၂၉၀၊ ၀၉-၅၁၈၅၁၁၁ ဆက်သွယ်စာရင်းပေးရန်၊ နံနက် ၆း၃၀ နာရီတွင် စတင် ထွက်ခွာပါမည်၊ ဇီးကုန်းဘီးဘွားရိပ်သာနှင့် ပညာရေးဖောင်ဒေးရှင်းသို ငွေလှူဒါန်းပါမည်။ ခန့်မှန်းခြေ ည ၈ နာရီခန့် ပြန်ရောက်မည်ဖြစ်ပါသည်။

လူပျောက်ကြော်ငြာခြင်း

အထက်ပါ ဓာတ်ပုံရှင် ဇော်မျိုးနိုင် (ဘ) ဦးစိုးနိုင်၊ အသက်(၁၇)နှစ်၊ [၁၂/မဂဒ(နိုင်) ၁၅၂၀၄၇] သည ၃၁-၁-၂၀၁၄ ရက်တင် နေအိမ်မှ ထကာသွားရာ ပြန်မလာဘဲ ပျောက်ဆုံးနေပါ ဖြင် တွေ့ရှိပါက အကြောင်းကြားပေးနှင သေးဆောင်ဖြားယောင ဥ ထရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဖုန်း- ၀၉ ၄၉၃၀၈၈၇၆၊ ၀၉ ၃၁၂၉၉၅၆၈

ဓမ္မဇာသဘင် ဖိတ်ကြားခြင်း

သဲဖြူ/မဟာမြိုင်တောရ ဆရာတော်ကြီး၏ မမ္မဇာသဘင်အား Tiger Supply ကမ္ပဏီမှ ကြီးမှူးကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ဖူးမြော်၊ လှူဒါန်းပဇော်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေရာ ရန်ကင်းမြို့နယ်၊ ဘောက်ထော်ဘုတာရလမ်း၊ Tiger Supply Co.,Ltd.

အချိန် ဖေဖော်ဝါရီလ ၅ ရက်၊ ၇း၀၀ နာရီ

စတုဒ္ဒသာ ၅း၀၀နာရီ မှ ၇း၀၀နာရီ အတွင်း

စုံစမ်းမေး - ဖုန်း-၀၉ ၄၂၀၀၃၅၃၅၊ ၀၉ ၅၀၄၃၄၂၇၊ ၀၉ ၅၁၃၀၁၇၃၊ ၀၉ ၈၆၂၂၄၃၁

SUCCESS MARITIME ACADEMY

facebook: Success Maritime Academy

No.(131), Bogalayzay Street, Ph: 256954,202046,0973142658

17 February စမည် DMA Approved

2nd Mate (O.O.W Class III) သင်တန်း

သင်တန်းကြေး - ၂၆ သိန်း (၀၀ တန်းအောင်)

သင်တန်းကြေး - သိန်း ၂၀ (MMMC ကျောင်းဆင်း)

- (၃-ရစ်ခွဲ၍ ငွေသွင်းနိုင်ပါသည်)

Capt. San Moe Aung (Master Mariner, Fleetwood,U.K.)

H.N.D in Nautical Science (Fleetwood, U.K.), M.N.I (U.K.)

ဦးဆောင်သည် ဝါရင့်ကပ္ပတိန်ကြီးများ၊ Ph.D Instructor များက

သင်အောင်မြင်မှုအတွက် အာမခံသင်ကြားပေးနေပါသည်။

ECDIS (Feb-24) နှင့် RADAR/ARPA (Feb-27) စပါမည်။

လူသစ်သင်္ဘောသားများအတွက်လည်း သင်္ဘောပေါ်မှာအဆင်ပြေအောင်၊ လုပ်ငန်းခွင်မှာ အဆင်ပြေအောင်၊ အင်္ဂလိပ်စာတတ်သွားအောင်သင်ပေးလိုက်တဲ့

General Ship Knowledge + Marlins English သင်တန်း

5:30 to 7:30 (Mon to Fri) Mar-17 စပါမည်။

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးချမ်းမင်းသော် ပတ်စ်ပို့ပါတ်-M-580010၊ ကျွန်မ နန်းကျော့ လေးခင ပတစပိနံပါတ-MA-076935၊ ကျွန်မ နန်းစံချမ်းသော ပတစပနံဝါတ-M-500650 ပျောကဆုံးသွားပါသဖြင တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၅၀၇၀၃၂၅

အမြန်ငှါးမည်/ရောင်းမည်

ပါ့ခူးစက်မှုဇုန်(ပြည်တွင်း)၊ မြေ ၅ ဧက အမြန်ငှါးမည်/ရောင်းမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၄၀၁၁၄၃၈

အမြန်ငှါးမည်

ဖုန်း-09 5155106

(အလောင်းတော်ကဿပ လပြည့်နေ့အရောက)

ရွှေစက်တော်နှင့်အထက်မြန်မာပြည်ဘုရားဖူးခရီးစဉ်များ

• အလောင်းတော်ကဿပနှင့် မန္တလေးမဟာမြတ်မုနိ၊ စစ်ကိုင်း မုံရွာဘုရားဖူး(၃)ရက်။ မန္တလေးဘုရားဖူး၊ ပြင်ဦးလွင်ပါ(၅)ရက်။ လပြည့်နေ့အရောက်(၁၂-၂-၂၀၁၄)ထွက်မည်။

• တောင်ကြီး၊ အင်းလေး၊ ထမ်စမ်းဂူ၊ ပင်းတယ၊ ကလော(၅)ရက်။

09-5122961

056-21671

• အမှတ်(၂၅၁)၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ 01-391577

ဒါကာဘာရာဇ ကားမျိုးစုံငှါးအထူးလျှော့ဈေး

ရွှေစက်တော်

၂ညအိပ်၃ရက်

အမှတ်(၂၇)၊ တာမွေဈေးမတ်တိုင်

01541365

0973257853

ကျေးဇူးဆပ်

M-ဂျာဖာရ်(ခ)မောင်မောင်ထွန်း၏ နိုင်ငံကူးလက်မှတ် PP-M-613950, PP-555505နှင့် မှတ်ပုံတင်၊ အခြားအရေးကြီး စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၇၄၀၅၀၊ ၀၉-၇၃၂၃၁၁၇၁

အလုပ်ရှိသည်

အရောင်းဝန်ထမ်းဘဲ့ရပြီး ကွန်ပျူတာအသုံးပြုတတ်သူ ဖြစ်ရမည်။

အင်္ဂလိပ်စာတတ်ကျွမ်း၍ ကားမောင်းလိုင်စင်ရှိသူ ကျား/မ လျှောက်ထားနိုင်သည်။

အရောင်းဝန်ထမ်း အတွေ့အကြုံ (၁)နှစ်ခန့်ရှိပြီး ထိုင်းစကားပြောတတ်သူ ဦးစား ပေးမည်။ ၆-၂-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀နာရီမှ ၁၁း၃၀နာရီအထိ Clover Hotel၊ ၃၂ လမ်း(အထက်)၊ Mr. Samart ထံ လူတွေ့လျှောက်ထားနိုင်သည်။

အနုပညာ

ညစ်ခံပွဲအတွက် မိတ်ကပ်ပြင်နည်း

ညစ်ခံပွဲတွေတက်ဖို့အတွက် မိတ်ကပ်ပြင်ကြမယ်ဆိုပါစို့။ ညစာစားပွဲတွေက ပြိုးပြိုးပြက်ပြက် စီးကင့်စ်လေးတေပါတဲ့ ရောင်/နက်ပြာရောင်/ရားညိုရောင်/ကိုကာကိုလာရောင်တိုလို အရောင်ရင့်ရင့်တွေနဲ့ လိုက်ဖက်သလို မျက်နှာအလှပြင်တဲ့အခါ မာလည်း မျက်နှာပေါ်လွင်အောင် ပုံမှန်ထက်ပိုပြီး ပြင်ပေးရပါမယ်။

(၁) အောက်ခံမိတ်ကပ် ညီစေဖို့။

ညပွဲတွေအတွက် အောက်ခံမိတ်ကပ်လိမ်းတဲ့အခါ မမအသားရောင်ထက် နည်းနည်းဖျော့တဲ့ တူးဝေးဖောင်ဒေးရှင်း (Two Ways Foundations)က အသင့်တော်ဆုံးပါပဲ။ ညဆလိုက်မီးအလင်းရောင်မှာ မိတ်ကပ်ကကတာတွေ မဖြစ်ရလေအောင် အထူးဂရုစိုက်ပြီး ညီအောင်လိမ်းပါ။ (သို့မဟုတ်)မိတ်ကပ်ဘရက်ရှ်သုံး၍ မိတ်ကပ်တေကို ညီအောင်ညှိပါ။

(၂)မျက်လုံးအလှပေါ်စေဖို့။

မျက်လုံးလေးတေက တကယ်သနားစရာကောင်းပါတယ်။ နံနက်အိပ်ရာထကတည်းက တစ်နေကုန်မျက်လုံး အလုပ်လုပ်နေရတာကြောင့် ညရောက်တဲ့အခါ ပင်ပန်းနေပါပြီ။ ခုလိုညပွဲတေမှာ မျက်လုံးတောက်တောက်ကလေးဖြစ်စေဖို့ ရေစိခံကာခြယ်/လိုင်နာတောင့်လေးကို မဖြစ်မနေသုံးပေးရပါမယ်။ အနက်(သို့မဟုတ်) မိမိအဝတ်အစားအရောင်နဲ့ အနီးစပ်ဆုံးအရောင်ရင့်ရင့် လိုင်နာတောင့်မျိုးသုံးပါ။ လိုင်နာတောင်ကို မျက်ခမ်းစပ်အပေါ်ဘက်နှင့် အောက်မျက်ခမ်းစပ်အတင်း ဘက်ပိုင်းနေရာတေမှာ ဆုံးပေးပါ။ အိုင်းရှဲဒိုးအတွက် တောက်ကြေးဝါရောင် (သို့မဟုတ်) မီးခိုးရောင်တေက ညပွဲအတွက် ဆွဲဆောင်မှုပိုစေပါတယ်။ မျက်ခုံးရိုးအောက်ဘက် တစ်ဝိုက်ကိုတော ခရမ်းနရောင်(သို့မဟုတ်) မရန်းစေ့ရောင် ရေစိုခ မျက်လုံးမိတကပ် (eye makeup) လေးတင်ပေးသင့်ပါတယ်။ ဒါဆိုရင် အနီးကြည့်ကြည့်၊ အဝေးကြည်ကြည့် သင့်မျက်လုံးတောက်တောက်ကလေး အလှပေါ်နေပါလိမ်မယ်။

(၃) ပါးအိုနီ အလှပေါ်စေဖို့။

ညပွဲတွေအတွက်ဆိုရင်တော့ ပေါင်ဒါအနီရောင်က အကောင်းဆုံးပါပဲ။ ပါးအိုနီအလှ နေရာမမှားစေဖို့အတွက် ဦးစွာ မန်ကြည်ပြီး မိမိကိယ်ပြုံးပြပါ။ အဲဒီအခါမှာမို့ဖောင်းတက်လာတဲ့ ပါးရိုးပေါ်ကို ပေါင်ဒါအနီလေးရိုက်ပေးလိုက်ရုံပါပဲ။ ရိုးရိုးကလေးနဲ့ ဆွဲဆောင်မှုပိုစေပါမယ်။

(၄) နှုတ်ခမ်းအလှ ပေါ်စေဖို့။

အနီ(သို့မဟုတ်) စတော်ဘယ်ရီသီးမည့်မှည့် အရောင်တေက ညပွဲတေအတွက ဆွဲဆောင်မှုအရှုဆုံး နှုတခမ်းဆုးဆေးအရောင်တေပဲ ဖြစ်ပါတယ်။ အဲဒီလ အရောင်ရင့်ရင့်သုံးတဲ့အခါ နှုတခမ်းဆိုးဆေးတွေ ဘေးမပြန့်စေဖို့အတက် ဦးစွာ မိမိနှုတ်ခမ်းသားအရောင်ထက် နဲနဲပိုရင့်တဲ့ နှုတ်ခမ်းလိုင်နာခဲတံ (lip liner) လေးသုံးပါ။ ပြီးမှ လိုင်နာအတွင်းဘက်ကို နှုတခမ်းဆုးဆေး အရောင်ဖြည့်ပါ။ ရွှန်းစိုလှပတဲ့ နှုတ်ခမ်းဖူးဖူးလေးဖြစ်နေအောင် နောက်ဆုံးအဆင့်မှာ gloss နှုတ်ခမ်းဆိုးဆေးအ လေး တင်ပေးလိုက်ပါ။

အပြောင်းအလဲများနှင့် ဘရက်ပစ်ဒ်နှင့်ဂျိုလီတို့စုံတွဲ

ဟောလဝုဒ်ငွေကြယ်ပွင့်စုတွဲဖြစ်သည့် ဘရတ်ပစ်ဒ်နှင့် မင်းသမီး အိန်ဂျလီနာဂျိုလီတိုက ဘရတ်ပစ်ဒ် လက်ရှိ ရိုက်ကူးနေသည့် ဇာတ်ကား အဆုံးသတ်ပြီးချိန် ယခုနှစ်ကုန်ပိုင်းလောက်တွင် တောင်အာဖရိကသို့ အိမ်ရာသစ် ထူထောင်ရန်အတွက် ပြောင်းရွှေ့နေထိုင် သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါစုံတွဲသည် တောင်အာဖရိကတွင် ရှစ်လကြာ နေထိုင်သွားမည်ဖြစ်ပြီး အိမ်ငှားခ အနေဖြင့် တစ်လလျှင် အမေရိကန်ဒေါ်လာ ၄၆၀၀ ခန့် ပေးသွင်းရမည့်အိမ်တစ်လုံးကို ရှာဖွေ ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ယခုလက်ရှိအချိန်ထိ ဟောလိဝုဒ်မင်းသား ဘရတ်ပစ်ဒ်နှင့် ဂျောဂျ်ကလူနီတို၏ နောက်ဆုံး ရိုက်ကူးလျက်ရှိသည့် ဇာတ်ကားအကြောင်းကို အနည်းကျဉ်းမျှပင် ထုတ်ဖော်ထားခြင်းမရှိဘဲ စိတ်ဝင်စားဖွယ်ကောင်းသည့် ဇာတ်ကားတစ်ကား ဖြစ်ကြောင်းသာ ဖော်ပြထားသည်။

ဟောလဝုဒ်ကြယ်ပွင့် အိန်ဂျလီနာဂျိုလီ အနေဖြင့်လည်း ၁၉၅၉ ခုနှစ်က ထွက်ရှိခဲ့သည့် နီ၏လက်ရာဖြစ်သော Sleeping Beauty ၏ နောက်ဆက်တွဲ Maleficent စတကားယဉ် ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားကို ယခုနှစ် မေလတွင်ထွက်ရှိမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ Maleficent စိတကူးယဉ်ဇာတကားကို ဇန်နဝါရီ ၂၆ ရက်က ကျင်းပခဲ့သည့် (၅၆) ကြိမ်မြောက် ဂရမ်မီဆုပေးပွဲတွင် ပရိသတ်များအား မိတ်ဆက်ပြသခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားလေကြောင်းလိုင်း၏ မျက်နှာသစ်မော်ဒယ်လ်ဖြစ်လာသည့် လီမင်ဟို

တောင်ကိုရီးယားကြယ်ပွင့် လီမင်ဟိုအား တောင်ကိုရီး စရိတသက်သာသည့် လေကြောင်းလိုင်းတစ်ခုဖြစ်သည့် Jeju Air လေကြောင်းလိုင်း၏ မျက်နှာသစ်မော်ဒယ်လ်အဖြစ် ဖေဖော်ဝါရီ ၃ ရက်က ခန့်အပ်ခဲ့ပြီးဖြစ်သည်။

"လေကြောင်းလိုင်းမ လေယာဉ်အဓိကဆင်းရ တက်ရသည့် မြို့များဖြစ်သည့် တရုတ်၊ ဂျပန်၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဟောင်ကောင် စသည့် အာရှနိုင်ငံပေါင်း ၂၄ နိုင်ငတင လီမင်ဟိုအား ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း Jeju Air လေကြောင်းလုင်းမ သတင်းထုတပြန်ထားသည်။

ယခင်နှစ်များက Big Bang တေးဂီတအဖွဲ့နှင့် Boys Republic တိုက ယင်းလေကြောင်းလိုင်းအတက် ပရိုမိုးရှင်း မော်ဒယ်လ်များအဖြစ် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဂျပန်တွင် ဂမ်နမ်စတိုင်ဖြင့် ပထမဆုံးဖျော်ဖြေမည် PSY

တောင်ကိုရီးယားဂီတကြယ်ပွင့် PSY က ဂျပန်နိုင်ငံတင်ကျင်းပမည့် 2014 YG Family Concert' ဖျော်ဖြေပွဲတွင် ဂျပန်နိုင်ငံ၌ တစ်ခါမှဖျော်ဖြေခြင်း မရှိသေးသည့် ဂမ်နမ်စတိုင်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း ဝိုင်ဂျီအင်န်တာတိန်းမန့်မှ သတင်းထုတ်ပြန်ထားသည်။

"ဒီဖျော်ဖြေပွဲဟာ ဂမ်နမ်စတိုင်ထက်ရှိပြီး ပတမဆုံးအကြိမ် ဂျပန်ကိုလာရောက်ဖျော်ဖြေခြင်းဖြစ်ပါတယ်၊ ဂမ်နမ်စတိုင်မထက်ရှိခင် ၂၀၁၂ ခုနှစ်တန်းက PSY ဂျပန်ကိုလာရောက်ဖျော်ဖြေတန်းကလည်း ပရိသတ်အမြောက်အမြားရဲ့ စိတ်ဝင်စားမှုကိုရရှိခဲ့ပါတယ်"ဟု ဝိုင်ဂျီအင်န်တာတိန်းမန့်မ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယင်း 2014 YG Family Concert' တွင် ပရိသတပေါင်း နှစ်သန်းကျော် လာရောက်ကြည့်ရှုနိုင်ရန်စီစဉ်ထားပြီး လက်မတရောင်းအားအကောင်းဆုံးပွဲ တစ်ပွဲဖြစ်လာရန် မျှော်လင့်ထားကြောင်းနှင့် အဆိုပါဖျော်ဖြေပွဲတွင် အခြားဂီတပညာရှင်များဖြစ်သည့် 2NE1 နှင့် BigBang တအပြင် အခြားနာမည်ကြီး တေးသရင်များလည်း ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သရသည်။

GOLDEN STAR ခရီးသွားလုပ်ငန်း

❖ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
❖ ရွှေစက်တော်/ငွေဆောင်(သောကြာ)

စရိတ်ငြိမ်း စီစဉ်ပေးသည်၊ ကားစီးငှားသည်

Ph:209200. 430480. 544383. 703448. 09-5046000

မြန်မာ A.G.T.I အသင်းနှင့် ဂျပန်နိုင်ငံ Sumitomo Corporation, Kinden Corporation တို့ ပူးပေါင်းဖွင့်လစ်မည့် အသက်မွေးဝမ်းကျောင်းသင်တန်း၊ သင်တန်းကျောင်းအုပ်ရာထူးအတွက် ဖော်ပြပါအချက်အလက်များနှင့် ကိုက်ညီသောပုဂ္ဂိုလ်များ လျှောက်ထားနိုင်ပါသည်။

၁။ အသက် - (၄၀)နှစ်နှင့်(၅၅)နှစ်အကြား အမျိုးသား
၂။ ပညာအရည်အချင်း - A.G.T.I (သို့မဟုတ်)B.E
၃။ လုပ်ငန်းအတွေ့အကြုံ - အနည်းဆုံး(၁၀)နှစ်နှင့်အထက် စီမံခန့်ခွဲမှုအတွေ့အကြုံရှိရမည်။
၄။ အခြားအရည်အချင်း-
(က) ဘာသာစကား-(အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြောကျွမ်းကျင်မှုရှိရမည်။)
(ခ) ကွန်ပျူတာ-အင်တာနက်၊အီးမေးလ် MS office ကျွမ်းကျင်ရမည်။

မှတ်ချက်။ ။ CV များကိုဓာတ်ပုံ(၂)ပုံပူးတွဲ၍ ဖော်ပြပါလိပ်စာသို့ ၁၀-၂-၂၀၁၄ရက်နေ့၊ ညနေ(၄း၀၀) နာရီ နောက်ဆုံးထား ပေးပို့ရပါမည်။
ရွေးချယ်ခံရသူအား နှစ်ပတ်အတွင်း ဂျပန်နိုင်ငံသို့ စေလွှတ်မည် ဖြစ်၍ သက်တမ်းရှိ passport ကိုင်ဆောင်ထားသူများ ပိုမိုသင့်လျော်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - **A.G.T.I** အသင်းရုံး
ဦးခင်ဇေ(ရုံးအဖွဲ့မှူး)
အမှတ်-၃၀၃၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(တတိယထပ်)၊ လှိုင်တက္ကသိုလ်နယ်မြေ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၅၁၉၈၆၃။

အားကစား

မန်စီးတီးအသင်း ဘောလုံးပိုင်ဆိုင်မှုအသာရခဲ့သော်လည်း ချယ်လ်ဆီးကိုရှုံးယခုနှစ်ဘောလုံးရာသီအတွက် မန်စီးတီး၏ ပထမဆုံးအိမ်ကွင်းရှုံးပွဲဖြစ်

ပရီမီယာလိဂ်ပွဲစဉ်(၂၄)၏ စိတ်ဝင်စားဖယ် အကောင်းဆုံးဖြစ်သော ပရီမီယာလိဂ်ဖလားရယူနိုင်ရေးတင် အဆုံးအဖြတ်ဟု ဆိုရမည့် မန်စီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတ ပွဲစဉ်တင် အိမ်ကင်း၌ ယဉ်ပြိုင်ကစားခဲ့ရသည့် မန်စီးတီးအသင်းသည် ချယ်လ်ဆီးအသင်းအား ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့သော်လည်း ရရှလာသည့် အခွင့်အရေးကို အကောင်းဆုံးအသုံးမချနိုင်ခြင်းနှင့်အတူ နောက်ခံကစားသမားများ၏ ချယ်လ်ဆီး တိုက်စစ်ပိုင်းကို မထိန်းချုပ်နိုင်ခဲ့ ြင်းတကြောင့် တစ်ဂိုး-ဂိုးမရှိဖြင့် ချယ်လ်ဆီးအသင်းက ရှုံးနိမ့်ခဲ့ရသည်။

ယင်းပွဲစဉ်တင် အိမ်ရှင်မန်စီးတီးအသင်းသည် အဂူရို၊ နာဆရီနှင့် ဂါစီယာတို့ ဒဏ်ရာပြဿနာများ ကြောင့် ပါဝင်လာ င်းမရှိသော်လည်း နဂရီဒိ၊ ဇာကာ၊ ဆေးလဗား၊ ယာယာ တိုရေးနာဗက၊ ဒမီချလစ်၊ ဇာဘလက်တာ၊ ကွန်ပနီ၊ နာစတာဆစ်၊ ကိုလာရော့ဗ်စသည့် ကစားသမားများက ၄-၁-၃-၂ ကစားကွက်ဖြင့် ပွဲထက်လာခဲ့သည်။

အဝေးကွင်းတွင် ရလဒ်ကောင်းတစ ရရှိရေးအတွက် နောက်တန်းခံစစ်ကို ဦးစားပေးရင်း တန်ပြန်တိုက်စစ်ဖြင့်သာ ပြိုင်ဘက်အသင်းက အနိုင ယ ြ ပမ်းလာသော နည်းပြမော်ရင်ဟို၏ ချယ်လ်ဆီးအသင်းသည် ဝီလီယံ၊ အီတိုး၊ ဟာဇက်၊ ရာမရက်ဇ်၊ ဒေးဗစ်လဇ်၊ မာတစ်၊ အက်ပလီကူတား၊ အိုင်ဗန်နိုဗစ်၊ ကာဟေးလ်၊ တယ်ရီတို့ကို ၄-၃-၃ ကစားကွက်မဟာဗျူဟာဖြင့် ပွဲထွက်လာခဲ့သည်။

